ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်၊ စနေနေ့။ Saturday, 6 September 2025 ၁၁၉၃၂

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ Beidahaung Smart Agriculture Exhibition Center နှင့် Heilongjiang Huida Technology Co., Ltd. တို့သို့ သွားရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် စက်တင်ဘာ ၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ဟာပင်းမြို့၌ အလုပ်သဘောခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် Beidahaung Smart Agriculture Exhibition Center သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ Heilongjiang Huida Technology Co., Ltd. တွင် ကြည့်ရှုလေ့လာစဉ်။

**ယနေ့ ဖတ်စရာ**

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ဗဟိုကော်မတီ အစည်းအဝေး(၂/၂၀၂၅)ကျင်းပ**

စာမျက်နှာ » ၅

**ရွေးကောက်ပွဲနှင့် နိုင်ငံသားတစ်ဦး၏တာဝန်**

ဆောင်းပါး

စာမျက်နှာ » ၆

**တောင်အာရှနှင့် အရှေ့တောင်အာရှမီဒီယာ နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲနှင့် ၂၀၂၅ တရုတ်-မြန်မာ Twin City မီဒီယာဖိုရမ်ကျင်းပ**

စာမျက်နှာ » ၇

ကြေးမုံ

# တိုင်းပြည်အေးချမ်းသာယာဝပြောရေး ဂုရုဓမ္မမြတ်သီလ အားလုံးစောင့်ထိန်း

ဘုရားအလောင်း ဓနဉ္စယမင်းကြီးသည် မင်းနှင့်တကွ ပြည်သူအားလုံး ဂုရုဓမ္မသီလကို စောင့်ထိန်းကြရန် ဆုံးမလမ်းညွှန်လေ့ရှိသည်။ ဘုရားအလောင်း လမ်းညွှန်ပြသည့်အတိုင်း ဂုရုဓမ္မသီလတော်ကို မင်းနှင့်တကွ ပြည်သူအားလုံး စောင့်ထိန်းကြသောအခါ ကလိင်္ဂတိုင်းအတွင်း မိုးလေဝသမှန်ကန်၍ စားရေရိက္ခာပြည့်စုံလာပြီး နိုင်ငံအတွင်း အေးချမ်းသာယာဝပြောလာသည်။ ဓနဉ္စယမင်းကြီး တိုက်တွန်းချိန်မှာ မိုးတွင်းကာလဖြစ်သဖြင့် ယင်းကိုအကြောင်းပြု၍ မိုးကာလ ဝါတွင်းသုံးလအပါအဝင် တော်သလင်းလအတွက် ဂုရုဓမ္မအခါတော်နေ့ကို အစဉ်အလာမပျက် သတ်မှတ်ကျင်းပလေ့ရှိသည်။

ဂုရုဓမ္မသီလဆိုသည်မှာ ငါးပါးသီလပင်ဖြစ်သည်။ သူတော်ကောင်းတို့ အရေးတယူ ဂရုတစိုက်ကျင့်သုံးကြသော သီလဖြစ်၍ ဂုရုဓမ္မသီလဟု ခေါ်တွင်ခြင်းဖြစ်သည်။ ထို့အပြင် မြတ်စွာဘုရားရှင် ပါရမီဖြည့်စဉ်ဘဝဟောင်းက ကုရုတိုင်းသားတို့ လိုက်နာစောင့်ထိန်းကြသောကြောင့် ကုရုဓမ္မသီလမှ ဂုရုဓမ္မသီလဟု ခေါ်တွင်လာခြင်းဖြစ်သည်။ ကုရုတိုင်းသည် မင်းနှင့်တကွ ပြည်သူပြည်သားများအားလုံး ဂုရုဓမ္မသီလကို စောင့်ထိန်းကြသဖြင့် စားမှု၊ နေမှု သာယာဝပြော၍ အေးချမ်းလျက်ရှိစဉ် ကလိင်္ဂတိုင်း၌ မိုးခေါင်ပြီး ပြည်သူများ စားဝတ်နေရေးကျပ်တည်းကာ ဒုက္ခရောက်ကြသောကြောင့် ဘုရားအလောင်း ဓနဉ္စယမင်းကြီး၏ လမ်းညွှန်မှာကြားမှုကို လိုက်နာဆောင်ရွက်ကြသည့်အတွက် ပြန်လည်အေးချမ်းသာယာဝပြောလာခဲ့သည်။

ဂုရုဓမ္မသီလအခါတော်နေ့ကို သီပေါမင်းလက်ထက်အထိ အစဉ်အလာမပျက် ကျင်းပလာခဲ့ပြီး မြတ်ဗုဒ္ဓဟောကြားသည့် ရာဇအပရိဟာနိယတရား ခုနစ်ပါးနှင့်အညီ ကျင့်ကြံခဲ့ကြသည်။ ရာဇအပရိဟာနိယတရား တတိယတရားတော်၌ "ပညာတ္တံန သမုစ္ဆိန္ဒိဿန္တိ" ဟုဆိုထားသည်။ အဓိပ္ပာယ်မှာ ရှေးမင်းတို့အစဉ်အဆက် လိုက်နာကျင့်သုံးအပ်သော ထုံးတမ်းစဉ်လာများကို မပယ်ဖျက်ရ၊ လိုက်နာကျင့်သုံးရမည့် တာဝန်ရှိသည်ဟု ဆိုထားသည်။ ကောင်းသောအစဉ်အလာများကို မြန်မာ့ထုံးတမ်းစဉ်လာနှင့်အညီ လိုက်နာကျင့်သုံးအပ်သည်။ မြန်မာနိုင်ငံ၊ မြန်မာလူမျိုးနှင့် ထေရဝါဒဗုဒ္ဓဘာသာသည် ပြည်ထောင်ဖက်ဖြစ်သည်။ ထေရဝါဒဗုဒ္ဓဘာသာနှင့် ဘာသာရေးအခြေခံယဉ်ကျေးမှုသည် မြန်မာနိုင်ငံ၊ မြန်မာလူမျိုးတို့၏ အသိဉာဏ်လည်းဖြစ်သည်။

ထေရဝါဒဗုဒ္ဓဘာသာကို အခြေခံ၍ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှုကို တည်ဆောက်ထားသည်။ ထေရဝါဒဗုဒ္ဓဘာသာ၏ ကျေးဇူးကြောင့် စာပေနှင့် ယဉ်ကျေးမှုတိုးတက်မြင့်မားလာပြီး မြန်မာလူမျိုးနှင့် မြန်မာနိုင်ငံသားများသည် ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ် ရပ်တည်နေနိုင်ခဲ့သည်။ မြန်မာလူမျိုးတို့၏ အသိဉာဏ်ဖွံ့ဖြိုး ပညာတိုးစေသည့် ထေရဝါဒဗုဒ္ဓဘာသာနှင့် ဘာသာရေးအခြေခံယဉ်ကျေးမှုများ၊ အစဉ်အလာများ ပျောက်ကွယ်သွားသည်ရှိသော် မြန်မာလူမျိုးတို့၏ အသိဉာဏ်နိမ့်ကျကာ ကိုယ့်ဘာသာ၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်စာပေကိုပင် တတ်မြောက်နားလည်မှုမရှိဖြစ်လာပါလိမ့်မည်။ ဘာသာ၊ သာသနာ၊ အသိပညာ ပြိုကွဲ၍ အသိဉာဏ်နည်းပါးသောအခါ တိုင်းတစ်ပါး၏ အခြွယ်အလှယ်ခံဘဝသို့ ရောက်ပါလိမ့်မည်။

ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု၊ ထုံးတမ်းစဉ်လာများပြိုကွဲကာ နိုင်ငံနှင့် လူမျိုးအပေါ် ကျရောက်လာနိုင်သည့် အန္တရာယ်အမျိုးမျိုးကို ကာကွယ်နိုင်ဖို့ဆိုလျှင် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ အသက်ဖြစ်သည့် ထေရဝါဒဗုဒ္ဓသာသနာ သန့်ရှင်းတည်တံ့ရေးနှင့် ဘာသာရေးအခြေခံယဉ်ကျေးမှုများ အားကောင်းနေအောင် အားလုံးကြိုးပမ်းနေကြရပါမည်။ အထူးသဖြင့် မည်သည့်ဘာသာဝင်မဆို လက်ခံနားလည်ကြသည့် ဂုရုဓမ္မသီလ သို့မဟုတ် ငါးပါးသီလကို အတတ်နိုင်ဆုံး လုံခြုံအောင် လိုက်နာစောင့်ထိန်းသင့်ပါသည်။ မျက်မှောက်ကာလသည် ဆုတ်ကပ်ကာလဖြစ်၍ ကိုယ်ကျင့်တရားများ ယိုယွင်းပျက်စီးခြင်းရှိလာသည်မှန်သော်လည်း မင်းနှင့်တကွ နိုင်ငံသားအများစုက ဂုရုဓမ္မသီလကို လိုက်နာစောင့်ထိန်းကြခြင်းဖြင့် ကြုံတွေ့လာနိုင်သော ဘေးအန္တရာယ်အသွယ်သွယ်မှ ကျော်လွှားလွတ်မြောက်နိုင်မည်မှာ သေချာပါသည်။

မြန်မာနိုင်ငံသည် ရေခံမြေခံကောင်းများ ရှိပြီးနိုင်ငံဖြစ်သည်။ ဆန်ရေစပါး၊ ကောက်ပဲသီးနှံများလည်း ပေါများကြွယ်ဝသည့် နိုင်ငံဖြစ်သည်။ ဘာသာတရား အဆုံးအမများနှင့် ဘာသာတရားအခြေခံ ယဉ်ကျေးမှုအစဉ်အလာများကိုလည်း ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော နိုင်ငံဖြစ်သည်။ ဂုရုဓမ္မသီလကိုလည်း အစဉ်အလာမပျက် လိုက်နာစောင့်ထိန်းခဲ့သောနိုင်ငံဖြစ်သည်။ နိုင်ငံ့ခေါင်းဆောင်များကလည်း ဂုရုဓမ္မသီလနှင့်အညီ နိုင်ငံကောင်းကျိုးများကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေသော အချိန်အခါဖြစ်သည်။ တိုင်းသူပြည်သားအများစုကလည်း ဂုရုဓမ္မသီလကို အတတ်နိုင်ဆုံး လိုက်နာစောင့်ထိန်းပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြမည်ဆိုလျှင် စားရေရိက္ခာဖူလုံ ပေါများကြွယ်ဝပြီး အေးချမ်းသာယာဝပြော၍ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်လာမည်မှာ ဧကန်အမှန်ဖြစ်ပါကြောင်း။ ။




## လျှော့ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၅**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတို့တွင် စက်တင်ဘာ ၅ ရက်အထိ သေဆုံးသူ ၃၈၁၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ငါးဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် အပျက်အစီးရှင်းလင်းရေးနှင့် ရှာဖွေကယ်ဆယ်ရေးများကို ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၇၈ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များ၏ ကူညီထောက်ပံ့လှူဒါန်းပေးမှုများဖြင့် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## စစ်တောင်းမြစ်ရေစိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်

**နေပြည်တော် စက်တင်ဘာ ၅**

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## ၅ - ၉ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၅၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၅ - ၉ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၃၀၀ | ၇,၆၀၀ | ၁,၆၀၃ | ၁၁,၈၅၀,၁၀၀ |
| MTSH | ၃,၀၅၀ | ၃,၁၀၀ | ၉၉၂ | ၃,၀၀၁,၇၀၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၉၀ | ၆၆၆,၀၀၀ |
| FPB | ၂,၀၀၀ | ၂,၀၀၀ | ၃၀၃ | ၆၀၆,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၁၂၀ | ၃၁၂,၀၀၀ |
| EFR | ၁,၈၅၀ | ၁,၈၅၀ | ၈၇ | ၁၆၂,၁၅၀ |
| AMATA | ၃,၂၅၀ | ၃,၂၅၀ | ၄၃ | ၁၃၉,၇၅၀ |
| MAEX | ၃,၃၀၀ | ၃,၃၀၀ | ၇၀ | ၂၃၁,၀၀၀ |
| MADPL(PLB) | ၂,၈၅၀ | ၂,၈၅၀ | ၀ | ၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - အေးဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



✳ ရှေ့ဖုံးမှ

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် Beidahaung Smart Agriculture Exhibition Center သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ကြည့်ရှုလေ့လာ**

ယင်းနောက် Beidahaung Smart Agriculture Exhibition Center အတွင်း ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုအား ကြည့်ရှုကြသည်။ ထို့နောက် ခင်းကျင်းပြသထားသည့် လယ်ယာစိုက်ပျိုးမှု သရုပ်ပြပုံစံငယ်၊ စိုက်ပျိုးရေးလုပ်ငန်းများကို ခေတ်မီဒစ်ဂျစ်တယ်လူမဲ့နည်းပညာဖြင့် AI စနစ်သုံး စက်ယန္တရားများဖြင့် ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းများဆောင်ရွက်မှု၊ AI စနစ်သုံး Drone များဖြင့် စိုက်ပျိုးမြေများအတွက် လိုအပ်သောမြေဩဇာများ၊ ပိုးသတ်ဆေးများကြဲပက်ခြင်းနှင့် မျိုးစေ့များကြဲပက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ တန်ဖိုးမြင့်ကုန်ချောပစ္စည်းများအဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိမှုနှင့် Beidahaung Smart Agriculture မှ ထုတ်လုပ်ထားရှိသည့် အဆင့်မြင့်လယ်ယာသုံး စက်ပစ္စည်း ကိရိယာများအား လှည့်လည် ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ Data Center အတွင်း လူမဲ့နည်းပညာဖြင့် AI စနစ်သုံး ကောက်စိုက်စက်များ၊ Drone များဖြင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ရေသွင်းရေထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို တိုက်ရိုက်ကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြောကြားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ Beidahaung Smart Agriculture Exhibition Center တွင် ကြည့်ရှုလေ့လာစဉ်။

**ပြန်လည်ပေးအပ်**

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌထံ Beidahaung Smart Agriculture Exhibition Center မှ တာဝန်ရှိသူတစ်ဦးက အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ထို့နောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် Heilongjiang Huida Technology Co., Ltd. သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ပြီး ကုမ္ပဏီမှ နိုင်ငံတကာ၌ အဆင့်မြင့်စိုက်ပျိုးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မောင်းသူမဲ့စနစ်ဖြင့် ယာဉ်ယန္တရားများ၏ ဒီဇိုင်းများ ထုတ်လုပ်လျက်ရှိမှု၊ စိုက်ပျိုးရေး အထောက်အကူပြု Drone များ ထုတ်လုပ်အသုံးပြုလျက်ရှိမှု၊ AI စနစ်သုံးမြေအခြေအနေ တိုင်းတာရေးပစ္စည်းများ ထုတ်လုပ်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် **စာမျက်နှာ ၄ သို့** ❖



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဟေလုံကျန်းပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ဟာပင်းမြို့ Taiping International Airport တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စီချွမ်ပြည်နယ် အစိုးရအဖွဲ့မှ အဖွဲ့ဝင်များက ချန်ဒူးမြို့ Chengdu Shuangliu International Airport တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စီချွမ်ပြည်နယ်ပါတီ အတွင်းရေးမှူး Mr. Wang Xiaohui နှင့် တွေ့ဆုံဆွေးနွေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စီချွမ်ပြည်နယ် ပါတီအတွင်းရေးမှူးနှင့် တွေ့ဆုံဆွေးနွေး

## စီချွမ်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့တွင် အလုပ်သဘော ခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် စီချွမ်ပြည်နယ်ပါတီ အတွင်းရေးမှူး Mr. Wang Xiaohui နှင့် Jin Jiang Hotel ၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြပြီး စီချွမ်ပြည်နယ်ပါတီအတွင်းရေးမှူးနှင့်အတူ စီချွမ်ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်တိုးတက်လျက်ရှိမှုနှင့် စီချွမ်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ချိန်တွင် စီချွမ်ပြည်နယ်မှ အကူအညီပေးရေးအဖွဲ့များ စေလွှတ်ခဲ့မှု အခြေအနေများ၊ စီချွမ်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား စီချွမ်ပြည်နယ် ပါတီအတွင်းရေးမှူးက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စီချွမ်ပြည်နယ် ပါတီ အတွင်းရေးမှူး Mr. Wang Xiaohui အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် Heilongjiang Huida Technology Co., Ltd. ကုမ္ပဏီမှ တာဝန်ရှိသူတို့ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြစဉ်။

❖ စာမျက်နှာ ၃ မှ

ကုမ္ပဏီမှ တာဝန်ရှိသူ တစ်ဦးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ဟာပင်းမြို့ Taiping International Airport မှတစ်ဆင့် စီချွမ်ပြည်နယ် ချန်ဒူးမြို့သို့ ထွက်ခွာကြရာ ဟေလုံကျန်း ပြည်နယ်အစိုးရအဖွဲ့မှ ဒုတိယဝန်ကြီးအဆင့်ရှိသူတစ်ဦးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ချန်ဒူးမြို့ Chengdu Shuangliu International Airport သို့ ရောက်ရှိကြရာ စီချွမ်ပြည်နယ်အစိုးရအဖွဲ့မှ ဒုတိယဝန်ကြီး အဆင့်ရှိသူတစ်ဦးနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၅**

တနင်္သာရီ တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ဗဟိုကော်မတီ အစည်းအဝေး(၂/၂၀၂၅)ကျင်းပ



နေပြည်တော် စက်တင်ဘာ ၅

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီ အစည်းအဝေး(၂/၂၀၂၅)ကို ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် "အရိန္ဒမာ" ခန်းမ၌ ကျင်းပရာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ ကိုယ်စားလှယ်၊ နေပြည်တော် ပြည်ထောင်စုနယ်မြေ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များဖြစ်သည့် "လွတ်လပ်ပြီး တရားမျှတမှု အပြည့်ရှိသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးပြီး ထွက်ပေါ်လာသည့် အစိုးရကို နိုင်ငံတော် တာဝန်များအား လွှဲပြောင်းပေးအပ်နိုင်ရေး၊ မဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲပေးနိုင်ရေး၊ လုံခြုံမှုအပြည့်အဝရှိသော ရွေးကောက်ပွဲဖြစ်စေရေး"စသည်တို့ကို တာဝန်ရှိသူအဆင့်ဆင့်က အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က "ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ဒီဇင်ဘာလ ၂၈ ရက်နေ့မှ စတင်၍ အဆင့်လိုက် ကျင်းပပြုလုပ်ပေးမည်ဖြစ်ကြောင်းနှင့် လွှတ်တော်အသီးသီး အတွက် မဲဆန္ဒနယ်များအား သတ်မှတ်ကြေညာခဲ့ပြီး"ဖြစ်သဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီ အဆင့်ဆင့် အနေဖြင့် ဥပဒေနှင့်အညီ အပ်နှင်းထားသည့် လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို သိရှိနားလည်ပြီး လုံခြုံရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို အထူးအလေးထားကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီ အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ ပျက်ပြားစေရန် အွန်လိုင်းမီဒီယာများပေါ်၌ ရေးသားဖြန့်ဝေခဲ့သူများကို ဖော်ထုတ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂ ရက်အထိ "ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ"အရ အရေးယူဆောင်ရွက်မှု သုံးမှုရှိခဲ့ပြီဖြစ်ကြောင်း၊ ဆက်လက်၍ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီများ အနေဖြင့် ရွေးကောက်ပွဲလုံခြုံရေးကို ထိခိုက်စေနိုင်သော လှုံ့ဆော်မှုများ၊ ဝါဒဖြန့်မှုများကို အွန်လိုင်းမီဒီယာ အသုံးပြု ကျူးလွန်နေသူများအား စုံစမ်းဖော်ထုတ်အရေးယူသွားရန် လိုအပ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ ကာလများအလိုက် လုံခြုံရေးကျိုးပေါက်မှုမရှိစေရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် မှုခင်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများအနေဖြင့် တပ်မတော်၊ ပြည်သူ့စစ်အဖွဲ့များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌများက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရွေးကောက်ပွဲ လုံခြုံရေးအတွက် လျာထားအစီအမံများကို ရှင်းလင်းတင်ပြပြီး ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် ဒုတိယဥက္ကဋ္ဌများက ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ ကိုယ်စားလှယ်က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ ဇဖာရ်ရှားဂူဗိမာန်၌ နှစ်(၁၅၀၀)ပြည့် တမန်တော်မွေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ



ရန်ကုန် စက်တင်ဘာ ၅

ဇဖာရ်ရှားဂူဗိမာန်ကြီးကြပ်ရေးကော်မတီက ကြီးမှူးကျင်းပသည့် နှစ်(၁၅၀၀)ပြည့် တမန်တော်မွေးနေ့အထိမ်းအမှတ် အခမ်းအနားဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဇဖာရ်ရှားဂူဗိမာန်၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဇဖာရ်ရှားဂူဗိမာန် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အစ္စလာမ်ဘာသာဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းမြင့်၊ မြန်မာ-မွတ်ဆလင် အမျိုးသားရေးရာအဖွဲ့ချုပ်(မအဖ)ဌာနချုပ် ဥက္ကဋ္ဌ၊ ဂူဗိမာန်ကြီးကြပ်ရေးကော်မတီဝင် ဟာဂျီဦးလှဝင်းနှင့် တာဝန်ရှိသူများက နှစ်(၁၅၀၀)ပြည့် တမန်တော်မွေးနေ့အထိမ်းအမှတ် မင်္ဂလာအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ဇဖာရ်ရှားဂူဗိမာန်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဂူဗိမာန်ကြီးကြပ်ရေးကော်မတီဝင်နှင့်အခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ခင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏတို့က အမှာစကားပြောကြားပြီး ကျင်းပရေးကော်မတီဝင် ပါမောက္ခ ဒေါက်တာဇော်မင်းနိုင်က ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

ယင်းနောက် ဒေါက်တာဆောင်းလွင်အောင် (ဓမ္မကထိကဆရာတော်)က ဆုတောင်းမေတ္တာပို့သသည်။

ဇဖာရ်ရှားဂူဗိမာန်၌ နှစ်(၁၅၀၀)ပြည့် တမန်တော်မွေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့မှ စက်တင်ဘာ ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ နေ့စဉ် ဓမ္မတေးလင်္ကာများ ရွတ်ဖတ်ပူဇော်ခြင်း၊ တရားပွဲအစီအစဉ်များနှင့် လူမျိုးဘာသာမရွေး ပြည်သူများကို စတုဒိသာထမင်းများ ကျွေးမွေးလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တံတားဦးမြို့နယ်၌ လက်တွေ့စမ်းသပ်မဲပေး



တံတားဦး စက်တင်ဘာ ၅

မန္တလေးတိုင်း ဒေသကြီး တံတားဦးမြို့ အမှတ်(၂)ရပ်ကွက် မြို့နယ်ခန်းမတွင် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ဦးစွာ တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်းက အမှာစကားပြောကြားပြီး တံတားဦးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြင့်သန်းက မဲပေးစက်ဆိုင်ရာ အသိပညာပေး ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများက သိရှိလိုသည်များကိုဆွေးနွေးကြရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပေးကြသည်။

အခမ်းအနားသို့ တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်သန်းနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်အမှတ်(၁၊ ၂၊ ၃)မှ ပြည်သူများက လက်တွေ့စမ်းသပ်မဲပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေး

ဘားအံ စက်တင်ဘာ ၅

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ကျင်းပခဲ့သော ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီးများ၊ ခရိုင်တရားသူကြီးများ၏ (၂၉)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲကိုယမန်နေ့က ကရင်ပြည်နယ် တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညွန့်လင်းက တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် ဝန်ထမ်းများအားလုံးသည် နိုင်ငံသား၊ နိုင်ငံ့ဝန်ထမ်းများဖြစ်၍ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စေရေးအတွက် ကျရာကဏ္ဍမှ အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်ပေးကြရန်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ထုတ်ပြန်ထားပြီးဖြစ်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး(AML/CFT)ဆိုင်ရာ ၂၀၂၅ ခုနှစ် လုပ်ငန်းအစီအစဉ်နှင့် AML/CFT ဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ်အခြေပြု ချဉ်းကပ်စစ်ဆေးသည့် လက်စွဲကို လေ့လာသိရှိထားကြရန်၊ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်အား အများပြည်သူပိုမိုသိရှိနိုင်အောင် အသိပညာပေး တိုးမြှင့်လုပ်ဆောင်သွားရန် မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းမှာကြားသည်။

ထို့နောက် ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော် တရားသူကြီးများ၏ တရားစီရင်ရေးဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ရွေးကောက်ပွဲနှင့် နိုင်ငံသားတစ်ဦး၏တာဝန်

မောင်ကမ္ဘာ

> ❋ မြန်မာ့နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုကတော့ စနစ်တကျ ခြေလှမ်းမှန်မှန်နဲ့ ဖြစ်ပေါ်ပြောင်းလဲ တိုးတက်နေတယ်လို့ပဲဆိုရမှာဖြစ်ပါတယ်။ မြန်မာ့မြေမှာ ဒီမိုကရေစီစနစ်ခိုင်မြဲရေးအတွက် အရွေ့တစ်ခုဖြစ်တဲ့ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ပြီးမြောက်အောင်မြင်နိုင်ဖို့ ဒီမိုကရေစီစနစ်ကို မြတ်နိုးတဲ့၊ လိုလားတဲ့ မဲဆန္ဒရှင်ပြည်သူတွေရဲ့အရေးပါလှတဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်မှုပဲလို
>
> ❋ မဲဆန္ဒရှင်တွေရဲ့အခန်းကဏ္ဍက ရွေးကောက်ပွဲမှာ ဆန္ဒမဲပေးရုံနဲ့ တာဝန်ကျေပြီ၊ ပြီးဆုံးပြီလို့လည်း ဆိုလို့မရပါဘူး။ နိုင်ငံတော်ရဲ့ ရှေ့အနာဂတ်အတွက် လူတော်လူကောင်း၊ လူကောင်းလူမွန် လူရည်ချွန်တွေကို သေချာစိစစ်ရွေးချယ် တာဝန်ပေးအပ်နိုင်မှသာ မဲဆန္ဒရှင်တစ်ဦးရဲ့တာဝန် ပြီးမြောက်မှာဖြစ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် သတ်မှတ်ထားတဲ့ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များ၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များကို ဩဂုတ်လ ၁၅ ရက်နေ့ ရက်စွဲနဲ့ ထုတ်ပြန်လိုက်ပါတယ်။

### ရွေးကောက်ပွဲရဲ့ ထူးခြားချက်

ယခုတစ်ကြိမ်ကျင်းပမယ့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရဲ့ ထူးခြားချက်ကတော့ ယခင်မူလ မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) အပြင် အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၂၆ နယ်နဲ့ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ၄၂ နယ်တို့မှာ အချိုးကျကိုယ်စားပြုစနစ်(PR)ကို ထည့်သွင်းကျင်းပထားခြင်းဖြစ်ပါတယ်။

ဒါ့အပြင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ မဲဆန္ဒရှင်ပြည်သူတွေ မဲပေးရာမှာ မှန်ကန်လွယ်ကူစေဖို့နဲ့ မဲမသမာမှုများ မဖြစ်ပွားစေဖို့ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) တွေကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အသုံးပြုမဲပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။ မြန်မာအီလက်ထရောနစ်မဲပေးစက်နဲ့ မဲပေးခြင်းဖြင့် မဲရုံပိတ်သိမ်းချိန်မှာ အရင်ကလို မဲလက်မှတ်တွေကို ထုတ်ယူရေတွက်မှုမျိုးမဟုတ်ဘဲ မဲပေးသူအရေအတွက်နဲ့ ပါတီအလိုက် မဲရလဒ်အရေအတွက်ပါတဲ့ မဲရလဒ်စာရွက်ကို မဲပေးစက်ကနေ ပရင့်ထုတ်လိုက်တာနဲ့ စက္ကန့်ပိုင်းအတွင်းထွက်လာမှာဖြစ်တဲ့အတွက် အချိန်တိုအတွင်းမဲရလဒ်တွေ ရေတွက်နိုင်ခြင်း၊ တိကျတဲ့ မဲရလဒ်တွေရရှိနိုင်ခြင်း စတဲ့ အားသာချက်တွေရှိတယ်လို့ သိရပါတယ်။

MEVM မဲပေးစက်နဲ့ မဲပေးပြီး ပရင့်ထုတ်လိုက်တာနဲ့ မဲရလဒ်က တန်းထွက်လာမှာဖြစ်ပြီး ပါတီအလိုက် မဲရလဒ်၊ ပရင့်ထုတ်တဲ့အချိန် နာရီအတိအကျအပြင် မဲပေးစက်၊ မဲပုံး၊ ထိန်းချုပ်စက်တွေမှာပါတဲ့ စက်နံပါတ်တွေအတိအကျနဲ့ မဲရလဒ်စာရွက်ကထွက်လာမှာ ဖြစ်ပါတယ်။ မဲလက်မှတ်တွေကို မဲရလဒ်အပေါ် ကန့်ကွက်လွှာတင်လာတဲ့ အချိန်မျိုးမှအပ အရင်ကလို မဲလက်မှတ်တွေကို ဖွင့်ဖောက်ရေတွက်စရာမလိုဘူးလို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက ဇူလိုင်လ ၄ ရက်နေ့က ကျင်းပတဲ့ မြန်မာအီလက်ထရောနစ်မဲပေးစက်နဲ့ပတ်သက်ပြီး သတင်းမီဒီယာတွေကိုရှင်းလင်းပြသခြင်းနဲ့ လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားမှာ ပြောကြားခဲ့ပါတယ်။

E-Voting စနစ်ကို အာဂျင်တီးနား၊ ဘရာဇီး၊ ပြင်သစ်၊ အမေရိကန်ပြည်ထောင်စု၊ အိန္ဒိယ၊ ဘယ်လ်ဂျီယံ၊ ဗင်နီဇွဲလား စတဲ့နိုင်ငံတွေအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၃၄ နိုင်ငံမှာ အသုံးပြုလျက်ရှိတယ်လို့လည်း ဆိုပါတယ်။ အဲဒီနိုင်ငံတွေမှာ အသုံးပြုလျက်ရှိတဲ့ အီလက်ထရောနစ်မဲပေးစက်တွေကို လေ့လာပြီး မြန်မာနိုင်ငံရှိ မဲဆန္ဒရှင်ပြည်သူလူထုရဲ့ စာတတ်မြောက်မှုနှုန်း၊ နားလည်မှုအခြေအနေတို့နဲ့ အကိုက်ညီဆုံးဖြစ်တဲ့ဒီဇိုင်းကို တီထွင်ထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

MEVM မဲပေးစက်နဲ့ မဲပေးတဲ့အခါမှာ မဲပေးမယ့် မဲဆန္ဒရှင်ဟာ လျှို့ဝှက်မဲပေးစနစ်နဲ့သာ မဲပေးရမှာဖြစ်ပြီး ယခင်က မဲလက်မှတ်တွေလို ပယ်မဲမရှိနိုင်ကြောင်း သိရပါတယ်။

### မဲဆန္ဒရှင်ပြည်သူတွေရဲ့အရေးပါလှတဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်မှုပဲလို

မြန်မာ့နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုကတော့ စနစ်တကျခြေလှမ်းမှန်မှန်နဲ့ ဖြစ်ပေါ်ပြောင်းလဲ တိုးတက်နေတယ်လို့ပဲဆိုရမှာဖြစ်ပါတယ်။ မြန်မာ့မြေမှာ ဒီမိုကရေစီစနစ်ခိုင်မြဲရေးအတွက် အရွေ့တစ်ခုဖြစ်တဲ့ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ပြီးမြောက်အောင်မြင်နိုင်ဖို့ ဒီမိုကရေစီစနစ်ကို မြတ်နိုးတဲ့၊ လိုလားတဲ့ မဲဆန္ဒရှင်ပြည်သူတွေရဲ့အရေးပါလှတဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်မှုပဲ လိုပါတော့တယ်။

ဒီမိုကရေစီစနစ်ကို တည်ဆောက်မယ်ဆိုရင် ပါလီမန်(လွှတ်တော်)ရှိရပါမယ်။ လွှတ်တော်မှာ ပြည်သူတွေက ပြည်သူ့ဆန္ဒနဲ့ ရွေးကောက်တင်မြှောက်လိုက်တဲ့ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်တွေရှိရပါမယ်။ ပြည်သူ့ကိုယ်စားလှယ်တွေကို ရွေးကောက်တင်မြှောက်နိုင်မယ့် ရွေးကောက်ပွဲတွေရှိရပါမယ်။ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကြမယ့် ပြည်သူ့ကိုယ်စားလှယ်လောင်းတွေကို ကိုယ်စားပြုတဲ့နိုင်ငံရေးပါတီတွေ ရှိရပါမယ်။ ပါတီကိုယ်စားပြုနိုင်ငံရေးသမားနဲ့ တစ်သီးပုဂ္ဂလနိုင်ငံရေးသမားတွေက ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင် အရွေးခံကြရပါမယ်။

ဒါမှသာ ရွေးကောက်ပွဲအနိုင်ရကိုယ်စားလှယ်တွေကို လွှတ်တော်ခေါ်ယူခြင်း၊ လွှတ်တော်ကို စနစ်တကျလွှဲပြောင်းခြင်းနဲ့ လွှတ်တော်အသစ်က လွှတ်တော်အစည်းအဝေးကျင်းပပြီး အနိုင်ရပါတီက နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ခြင်း၊ ပြည်ထောင်စုအစိုးရဖွဲ့စည်းခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတွေဖွဲ့စည်းခြင်း၊ ယင်းမှတစ်ဆင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်ဝန်ကြီးချုပ်တွေ ခန့်အပ်ခြင်း၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေ ဆက်လက်ဖွဲ့စည်းခြင်းတွေကို အစီအစဉ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

ဒါကြောင့်မို့ ဒီမိုကရေစီစနစ်မှာ တိုင်းရေးပြည်မှုတွေကို စီမံခန့်ခွဲမယ့် ပြည်သူ့ကိုယ်စားလှယ်တွေကို အသည်းကြားမှ မဲပြားကိုထုတ်ပြီး ဆန္ဒမဲနဲ့ ရွေးချယ်တင်မြှောက်ကြမယ့် မဲဆန္ဒရှင်ပြည်သူတွေရဲ့အခန်းကဏ္ဍက အလွန်အရေးပါလှပါတယ်။

မဲဆန္ဒရှင်တွေရဲ့အခန်းကဏ္ဍက ရွေးကောက်ပွဲမှာ ဆန္ဒမဲပေးရုံနဲ့ တာဝန်ကျေပြီ၊ ပြီးဆုံးပြီလို့လည်း ဆိုလို့မရပါဘူး။ နိုင်ငံတော်ရဲ့ ရှေ့အနာဂတ်အတွက် လူတော်လူကောင်း၊ လူကောင်းလူမွန် လူရည်ချွန်တွေကို သေချာစိစစ်ရွေးချယ် တာဝန်ပေးအပ်နိုင်မှသာ မဲဆန္ဒရှင်တစ်ဦးရဲ့တာဝန် ပြီးမြောက်မှာဖြစ်ပါတယ်။

ဒီမိုကရေစီကျင့်သုံးတဲ့နိုင်ငံတွေမှာ နိုင်ငံရေးသမားတွေရဲ့အခန်းကဏ္ဍကို မျက်ကွယ်ပြုထားလို့ မရပါဘူး။ တိုင်းပြည်ရဲ့အကောင်းအဆိုး၊ အနိမ့်အမြင့်၊ အတက်အကျဟာ မိမိ ရွေးကောက်တင်မြှောက်လိုက်တဲ့ နိုင်ငံရေးသမားတွေရဲ့လက်ထဲမှာ တည်ရှိနေလို့ပဲဖြစ်ပါတယ်။

### စံနှုန်းတွေ သတ်မှတ်လေ့ရှိ

ဒီမိုကရေစီ သက်တမ်းရင့်နိုင်ငံကြီးတွေက မဲဆန္ဒရှင်အများစုကတော့ တိုင်းပြုပြည်ပြု၊ တိုင်းရေးပြည်မှုလုပ်ငန်းတွေကို ဦးဆောင်ဦးရွက်ပြုပြီး စီမံခန့်ခွဲကြမယ့်ပုဂ္ဂိုလ်တွေဟာ သာမန်လူအဆင့်ထက်ပိုပြီး ကိုယ်ရည်ကိုယ်သွေးပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးနဲ့ အကျင့်စရိုက်ပိုင်းမှာ ကောင်းမွန်သူဖြစ်ရမယ်ဆိုတဲ့စံနှုန်းတွေ သတ်မှတ်လေ့ရှိပါတယ်။

သက်တမ်းရင့် ဒီမိုကရေစီနိုင်ငံကြီးတစ်နိုင်ငံဖြစ်တဲ့ အိမ်နီးချင်း အိန္ဒိယသမ္မတနိုင်ငံမှ မြို့နေမဲဆန္ဒရှင်အချို့ကတော့ လွန်ခဲ့တဲ့ဆယ်စုနှစ်ကျော်ခန့်က ကောက်ယူခဲ့တဲ့ အိန္ဒိယနိုင်ငံရေးလောကအရည်အသွေးမြှင့်တင်ရေးနဲ့ပတ်သက်တဲ့ စစ်တမ်းတစ်ခုမှာ ၎င်းတို့ ဆန္ဒမဲပေးသူကိုယ်စားလှယ်ဟာ သန့်ရှင်းတဲ့ပုံရိပ်ရှိရမယ်၊ ပညာတတ်ဖြစ်ရမယ်၊ ရာဇဝတ်ပြစ်မှုနောက်ကြောင်းမရှိသူဖြစ်ရမယ်လို့ သဘောထားမှတ်ချက်ပြုခဲ့ကြပါတယ်။

ဗြိတိန်နိုင်ငံမှ မဲဆန္ဒရှင်အချို့ကတော့ နိုင်ငံရေးပါတီတစ်ခုကိုကြိုက်ခြင်း၊ မကြိုက်ခြင်းအပေါ် မဲဆန္ဒပေးခြင်းထက် မဲဆန္ဒနယ်က ကိုယ်စားလှယ်လောင်းကိုကြိုက်ခြင်း၊ မကြိုက်ခြင်းက ပိုပြီး အဓိကကျတယ်လို့ ယူဆလေ့ရှိကြတယ်။ နိုင်ငံရေးပါတီမူဝါဒထက် အမတ်လောင်းရဲ့ အရည်အချင်းကိုကြည့်ပြီး ဆုံးဖြတ်ခြင်းက ဒီမိုကရေစီနည်းလမ်းပိုကျတယ်လို့ ယုံကြည်ကြတယ်။

ဝင်စတန်ချာချီကတော့ **“နိုင်ငံရေးသမားဆိုတာ မနက်ဖြန်ဘာဖြစ်မလဲ၊ နောက်အပတ်၊ နောက်လဘာဖြစ်မလဲ၊ နောင်နှစ်ဘာဖြစ်မလဲ ကြိုတင်ပြောနိုင်စွမ်းရှိရတယ်။ ဒါ့အပြင် နောက်ပိုင်းမှာလည်း ဘာကြောင့် သူပြောခဲ့တာတွေ ဖြစ်မလာတာလဲဆိုတာကိုလည်း ရှင်းလင်းနိုင်စွမ်းရှိရတယ်”**လို့ ဆိုပါတယ်။

နိုင်ငံရေးပညာရှင်တစ်ဦးကတော့ **“လူထုနဲ့ဆက်ဆံရာမှာ နိုင်ငံရေးသမားဟာ ရိုးသားမှုရှိဖို့လိုတယ်။ အခက်အခဲတွေကို စောစောစီးစီးကြိုပြောထားရမယ်။ အခက်အခဲတွေကို ကျော်လွှားဖို့ ဘယ်လောက်ကြာကြာ အချိန်ယူရနိုင်တယ်ဆိုတာကိုလည်း ကြိုတင်အစီရင်ခံထားရမယ်”**လို့ ဆိုပါတယ်။

ဒါကြောင့်မို့ ဒီမိုကရေစီသက်တမ်းရင့်နိုင်ငံကြီးတွေက နိုင်ငံရေးသမားအများစုဟာ တက္ကသိုလ်ကျောင်းသားဘဝကတည်းက နိုင်ငံရေးနဲ့ဆက်စပ်တဲ့ပညာရပ်တွေကို စာတွေ့ ကိုယ်တွေ့ တစိုက်မတ်မတ် လေ့လာဆည်းပူးကြတယ်။ မဲဆန္ဒရှင်ပြည်သူတွေ ယုံကြည်ကိုးစားလောက်တဲ့ အရည်အချင်းတွေ၊ စံနှုန်းတွေ မိမိမှာအထိုက်အလျောက်ရှိပြီလို့ စိတ်ချယုံကြည်ရတော့မှ ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံကြပါတယ်။

### ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ အစွဲအလမ်းတွေနဲ့ ရွေးကောက်ပွဲကို ချဉ်းကပ်ရွေးချယ်လေ့ရှိ

ဒီမိုကရေစီသက်တမ်းနုနယ်သေးတဲ့ နိုင်ငံအချို့က မဲဆန္ဒရှင်တွေကတော့ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ အစွဲအလမ်းတွေနဲ့ ရွေးကောက်ပွဲကို ချဉ်းကပ်ရွေးချယ်လေ့ရှိပါတယ်။ မိမိတို့နေထိုင်ရာ မဲဆန္ဒနယ်မှာ မဲဆန္ဒရှင်ပြည်သူတွေရဲ့ အကျိုးစီးပွားကို ဘယ်လောက်ပဲ စွမ်းဆောင်နိုင်သည်ဖြစ်စေ၊ သင့်တော်သည်ဖြစ်စေ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲတွေနဲ့ ဥပေက္ခာပြု မေ့လျော့နေတတ်ပါတယ်။

တစ်ချိန်က ဂျပန်နိုင်ငံမှာဆိုရင် ဂျပန်ဒိုင်းယက်လွှတ်တော်မှာ အနားယူသွားခဲ့တဲ့ အမတ်ဟောင်းကြီးတွေရဲ့သားသမီး မျိုးဆက်အမတ်တွေ၊ ဝန်ကြီးချုပ်တွေနေရာရလာခဲ့လို့ ဂျပန်မှာ အမွေခံနိုင်ငံရေးသမားတွေကြီးစိုးနေတယ်လို့ သတင်းစာဆရာတစ်ဦးက ဝေဖန်ရေးသားခဲ့ဖူးပါတယ်။

သို့ဖြင့် လာမယ့်ဒီဇင်ဘာလမှာကျင်းပမယ့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲမှာ မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့ ဒီမိုကရေစီအခြေခံအုတ်မြစ်တောင့်တင်းခိုင်မာရေးအတွက် မပျက်မကွက်ပါဝင်မဲဆန္ဒပေးဖို့ လိုအပ်ရုံမက အရည်အချင်းပြည့်ဝတဲ့ လူကောင်း လူမွန် လွှတ်တော်ကိုယ်စားလှယ်လောင်းတွေကိုလည်း ဆန္ဒာဂတိ၊ ဘယာဂတိ၊ ဒေါသာဂတိ၊ မောဟာဂတိဆိုတဲ့ အဂတိတရားလေးပါး ကင်းရှင်းစွာနဲ့ လူမှန်နေရာမှန်ဖြစ်အောင် ရွေးချယ်တင်မြှောက်ဖို့လိုအပ်ပါတယ်။ သို့မှသာ နိုင်ငံသားတစ်ဦးရဲ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်မှာဖြစ်ပါတယ်။ ။

# တောင်အာရှနှင့် အရှေ့တောင်အာရှမီဒီယာ နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲနှင့် ၂၀၂၅ တရုတ်-မြန်မာ Twin City မီဒီယာဖိုရမ်ကျင်းပ

ကူမင်း စက်တင်ဘာ ၅

တောင်အာရှနှင့် အရှေ့တောင်အာရှမီဒီယာ နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ ရှန်ဂရီလာ JEN ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ပါတီကော်မတီ အမြဲတမ်းကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စဇိန်းယန့်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၊ တရုတ်၊ ကမ္ဘောဒီးယား၊ ထိုင်း၊ လာအို၊ သီရိလင်္ကာနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တျန်းချစ်ပညာရှင်များတွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

## ကြည့်ရှုလေ့လာ

ဦးစွာ အခမ်းအနားသို့ တက်ရောက် လာကြသူများက မစ္စတာရီကျင့်ဖျင်၏ တရုတ်နိုင်ငံရေးရာ စီမံခန့်ခွဲမှုစာအုပ်ပြပွဲနှင့် ယူနန်ပြည်နယ်ဆိုင်ရာ ပြခန်းခင်းကျင်း ပြသထားမှုများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းရင်းသားသံစုံတေးသီချင်းဖြင့် ကြိုဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ယူနန်ပြည်နယ် ပါတီကော်မတီ အမြဲတမ်းကော်မတီဝင်ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စဇိန်းယန့်နှင့်တရုတ်နေ့စဉ်သတင်းစာဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အယ်ဒီတာချုပ် မစ္စတာ ချီယင်ဖူတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဆက်လက်၍ ၂၀၂၅ တောင်အာရှနှင့် အရှေ့တောင်အာရှ မီဒီယာမဟာမိတ်အဖွဲ့ ပူးပေါင်းဆောင်ရွက်သည့် အောင်မြင်မှုရလဒ်များကို ထုတ်ပြန်သည်။

ထို့နောက် မဟာမိတ်အဖွဲ့ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းစတင်လည်ပတ်ခြင်း ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တရုတ်၊ ကမ္ဘောဒီးယား၊ ထိုင်း၊ လာအိုနှင့် သီရိလင်္ကာနိုင်ငံတို့မှ ကိုယ်စားလှယ်များက စုပေါင်းဖွင့်လှစ်ပေးကြပြီး ကမ္ဘောဒီးယားနိုင်ငံ ယဉ်ကျေးမှုအဖွဲ့က ရိုးရာအကဖြင့်လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက “ပခန်းယိမ်း” အကဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် တျန်းချစ်ပညာရှင်များတွေ့ဆုံပွဲကို ကျင်းပရာ လာအိုနိုင်ငံ၊ တရုတ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံတို့မှ ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းတို့က အမှာစကား ပြောကြားကြသည်။

ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့ကျင်းပသော နှစ်ပတ်လည်အစည်းအဝေးအတွက် “အပြန်အလှန်သင်ယူကိုးကားမှုများဖြင့် ဖွံ့ဖြိုးတိုးတက်ရန်”ဆိုသည့် ခေါင်းစဉ်ကို ရွေးချယ်ထားခြင်းသည် အလွန်သင့်မြတ်ပြီး အရေးပါသည့် အဓိပ္ပာယ်ကိုပေါ်လွင်စေပါကြောင်း။

ယနေ့ခေတ်တွင် တောင်အာရှနှင့် အရှေ့တောင်အာရှသည် ကမ္ဘာ့တစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသည့် စီးပွားရေး၊ နည်းပညာနှင့် လူ့အဖွဲ့အစည်းအတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်လာနေသည့် ဒေသများဖြစ်ပါကြောင်း၊ ယခုလို အောင်မြင်မှုရရှိလာခြင်းသည် တစ်ဦးနှင့်တစ်ဦး၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား အပြန်အလှန် သင်ယူမှု၊ ယဉ်ကျေးမှုဖလှယ်မှုနှင့် မီဒီယာပူးပေါင်း ဆောင်ရွက်မှုများကြောင့် ဖြစ်ပေါ်လာသည်ဟု မိမိသိမြင်ယုံကြည်ပါကြောင်း။

မိမိတို့ ဝန်ကြီးဌာနအနေဖြင့် တောင်အာရှနှင့် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများက မီဒီယာများနှင့် မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နေပါကြောင်း၊အလားတူ အာဆီယံနိုင်ငံများအပြင် အခြားနိုင်ငံပေါင်းများစွာနှင့်လည်း မီဒီယာ ပူးပေါင်းဆောင်ရွက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေပါကြောင်း၊ အထူးသဖြင့် တရုတ်နိုင်ငံက မီဒီယာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်နေသလို မကြာသေးခင်ကပင် မဲခေါင်နိုင်ငံများစုပေါင်းပါဝင်သော Mekong Look App တွင် ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါကြောင်း။

ထို့အပြင် ABU၊ AIBD စသော အာရှ-ပစိဖိတ် ဒေသဆိုင်ရာ ရုပ်သံလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသည့် အဖွဲ့အစည်းများတွင်လည်း အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး ထိုအဖွဲ့အစည်းများက ကြီးမှူးပြီး ပြုလုပ်သည့် Media Training၊ Workshop၊ နည်းပညာဆိုင်ရာ သင်တန်းများကို အွန်လိုင်းနှင့်ရော လူကိုယ်တိုင်ပါ ပါဝင်တက်ရောက်ပြီး သင်ယူလေ့လာ အသုံးပြုမှုများ ဆောင်ရွက်နေပါကြောင်း။

တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့်လည်း ယမန်နှစ်က (၄)ကြိမ်မြောက် တရုတ်-မြန်မာ Twin City မီဒီယာဖိုရမ်ကို ပူးပေါင်းကျင်းပခဲ့ပါကြောင်း၊ မီဒီယာမှတစ်ဆင့် ယဉ်ကျေးမှုဖလှယ်ခြင်းများကို နှစ်နိုင်ငံ ပြည်သူများ သိရှိနားလည်အောင် ပူးပေါင်းရိုက်ကူးထုတ်လုပ်ပေးခြင်းများ၊ အပြန်အလှန်သွားလာပြီး ပူးပေါင်းရိုက်ကူးရေး ဆောင်ရွက်ခြင်းများကိုလည်း ယခုထက်ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်သင့်သည်ဟု မြင်ပါကြောင်း၊ သို့မှသာ နှစ်နိုင်ငံပြည်သူများအချင်းချင်း ချစ်ခင်ရင်းနှီးမှု ပိုမိုတိုးပွားလာမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံပေါင်းများစွာနှင့် ပူးပေါင်းပြီး ရိုက်ကူးရေး လုပ်ငန်းများကို ဆောင်ရွက်နေပါကြောင်း၊ ယနေ့ကျင်းပသည့် ဖိုရမ်မှတစ်ဆင့် အပြန်အလှန်သင်ယူမှု၊ ဆန်းသစ်သော နည်းလမ်းများ ဖန်တီးမှုနှင့် တာဝန်ရှိသည့် သတင်းများ ဖြန့်ဝေမှုများက တောင်အာရှနှင့် အရှေ့တောင်အာရှဒေသမှ နိုင်ငံတစ်ခုချင်းစီအတွက်သာမက ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ တည်ငြိမ်မှုအတွက်ပါ အလွန်အရေးကြီးသော အခန်းကဏ္ဍတစ်ခု ဖြစ်လာမည်ဟုလည်း ယုံကြည် မျှော်လင့်ပါကြောင်း ပြောကြားသည်။


ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တရုတ်နိုင်ငံလုံးဆိုင်ရာ သတင်းမီဒီယာအဖွဲ့ အမှုဆောင်အတွင်းရေးမှူး ဝူရှီ တို့ တွေ့ဆုံဆွေးနွေးစဉ်။

ဆက်လက်၍ “နယ်စပ်ကို ဖြတ်ကျော်၍ လက်ချင်းတွဲထားသည်” ခေါင်းစဉ်ဖြင့် စားပွဲဝိုင်းဆွေးနွေးပွဲကိုကျင်းပရာ တရုတ်၊ ထိုင်း၊ ပါကစ္စတန်၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တရုတ်နိုင်ငံလုံးဆိုင်ရာ သတင်းမီဒီယာအဖွဲ့ အမှုဆောင်အတွင်းရေးမှူး ဝူရှီ (Wu Xu)တို့ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ သတင်းမီဒီယာကဏ္ဍတွင် ကဏ္ဍပေါင်းစုံ ပူးပေါင်း ဆောင်ရွက်ရေး၊ သတင်းတု သတင်းမှားများကို သတင်းအမှန်များဖြင့် ပူးပေါင်းတိုက်ဖျက်ရေး၊ မကြာမီကျင်းပမည့် မြန်မာနိုင်ငံ ရွေးကောက်ပွဲ အောင်မြင်ရန်အတွက် မီဒီယာကဏ္ဍမှ ဝိုင်းဝန်းကူညီအားဖြည့်ဆောင်ရွက်ပေးရေး၊ နှစ်နိုင်ငံ သတင်းမီဒီယာ အဖွဲ့အစည်းများ ပူးပေါင်း ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ညနေပိုင်းတွင် ၂၀၂၅ တရုတ်-မြန်မာ Twin City မီဒီယာဖိုရမ်နှင့် “မင်္ဂလာစကား မိတ်ဆက်” “ပေါက်ဖော်မေတ္တာ နွေးထွေးစွာ တရုတ်-မြန်မာ” စကားဝိုင်းဆွေးနွေးပွဲကိုကျင်းပရာ တရုတ်-မြန်မာနှစ်နိုင်ငံ အစိုးရအဖွဲ့ ကိုယ်စားလှယ်များ၊ ကယ်ဆယ်ရေးအဖွဲ့များ၊ မီဒီယာများနှင့် မိတ်ဖက် ချစ်ကြည်ရေးအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ ငလျင်ဘေးသင့်ဒေသများသို့ ယူနန်ပြည်နယ် ကယ်ဆယ်ရေးနှင့် ဆေးဝါးကုသရေးအဖွဲ့ သွားရောက်ကယ်ဆယ်ခဲ့သည့် Video Clip ကို ပြသ၍ ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးပြည့်ဖြိုးဦး၊ ယူနန်ပြည်နယ် ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးတင်ဦး၊ မန္တလေးအဝေးသင်တက္ကသိုလ်မှ ဥပဒေအထူးပြုကျောင်းသူ မနေခြည်အောင်မြင့်နှင့် တာဝန်ရှိသူများက မန္တလေး မြေငလျင်ကြီးနှင့်ပတ်သက်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ ကယ်ဆယ်ရေးနည်းလမ်းများနှင့် ဘာသာစကားက နယ်နိမိတ်မဲ့၍ ချစ်ခြင်းမေတ္တာ အတားအဆီးမရှိခြင်းနှင့်ပတ်သက်ပြီး အပြန်အလှန် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

## ဆွေးနွေး

ဆက်လက်၍ “မီဒီယာချင်းလက်တွဲ၍ အနာဂတ်သို့ လျှောက်လှမ်းမည်” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကိုကျင်းပရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းစု ပါတီကော်မတီဝင် ဒုတိယအယ်ဒီတာချုပ် ဝမ်ထင်ရောင်၊ မြန်မာနိုင်ငံရွှေဇာမဏီ တရုတ်သတင်းစာ တာဝန်ခံ ဒေါ်ချိုသက်ထွန်းနှင့် တယ်ဟုန်ပြည်နယ်ခွဲ သတင်းရုံးခန်းဌာနမှူး လီဇုန်းမင်တို့က ဆွေးနွေးပြောကြားကြပြီး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး၊ မြန်မာနိုင်ငံ သတင်းစာဆရာများအသင်းမှ ဦးမြတ်ခိုင်တို့အပါအဝင် မြန်မာပုဂ္ဂလိက မီဒီယာအဖွဲ့နှင့် တရုတ်မီဒီယာအဖွဲ့မှ ကိုယ်စားလှယ်များက နှစ်နိုင်ငံအကြား မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် AI နည်းပညာကို အသုံးပြု၍ သတင်းမီဒီယာလုပ်ငန်းများမြှင့်တင်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကူမင်းမြို့ 1903 ပန်းခြံ၌ ကျင်းပသည့် “တောင်ပိုင်း ဒေသညချမ်း” ပဒေသာကပွဲနှင့် “ချည် Show ပိုးဖဲအနီးအနားတဖွဲဖွဲ” ယဉ်ကျေးမှုဈေးပွဲတော်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

စာမျက်နှာ ၈ သို့ ☆

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း၊ အားကစားရုံများ ကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၅

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ရွှေမန်းတောင်အားကစားကွင်း၊ အောင်မြေမန္တလာအားကစားကွင်းနှင့် ချမ်းအေးသာစံမြို့နယ် ဗထူးအားကစားကွင်းတို့၌ အားကစားကွင်းအလိုက် စိမ်းလန်းစိုပြည်ရေး၊ လျှပ်စစ်မီးနှင့် သောက်သုံးရေရရှိရေး စနစ်တကျဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများကို အားကစားနည်းစုံစုံလင်လင်ဖြင့် ဆက်လက်ကျင်းပသွားမည် ဖြစ်သဖြင့် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်လေ့ကျင့်ဆောင်ရွက်သွားရန်နှင့် မြို့နယ်အားကစားတာဝန်ခံများအနေဖြင့် မိမိတို့တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အားကစားကွင်း၊ အားကစားရုံများ သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် စိမ်းလန်းစိုပြည်စေရေး ပုံမှန်ထိန်းသိမ်းဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် မန္တလေးလျှောင်ကြီးကြောင့် ပျက်စီးခဲ့သည့် ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်း အုတ်ရိုးပြန်လည်ဆောက်လုပ်ပြီးစီးမှုနှင့် ဘောလုံးကွင်း၏ –2.8 Level၊ မြေညီထပ်၊ ပထမထပ်နှင့် အထူးတန်းပွဲကြည့်စင်များ၏ Column တိုင်နှင့် Ground Beam & Tie Beam ပျက်စီးခဲ့မှုများအား ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရန် ယာယီထောက်မမှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ မှန်အကာနံရံများ၊ ပြတင်းတံခါးများ၊ Light Partition များနှင့် Tempered Glass Curtain Wall များ ဖြုတ်သိမ်းခြင်းလုပ်ငန်း၊ ကြမ်းခင်း Topping နှင့် ကြွေပြားခွာထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ ပျက်စီးခဲ့သည့် မန္တလေးဘောလုံးအကယ်ဒမီကျောင်း အဆောက်အအုံများနှင့် အသစ်တည်ဆောက်လျက်ရှိသည့် အမျိုးသမီးဘောလုံး အကယ်ဒမီကျောင်းတည်ဆောက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## တောင်ကြီးမြို့၌ မြို့ပြရှာဖွေကယ်ဆယ်ရေးဖွဲ့စည်းနိုင်ရေး ကြိုတင်ပြင်ဆင်လေ့ကျင့်မှု သင်တန်းဆင်း



တောင်ကြီး စက်တင်ဘာ ၅

ရှမ်းပြည်နယ် မီးသတ်ဦးစီးမှူးရုံး၊ မြို့ပြရှာဖွေကယ်ဆယ်ရေး (Light USAR Team) ဖွဲ့စည်းနိုင်ရေး ကြိုတင်ပြင်ဆင်လေ့ကျင့်မှု သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၉ နာရီက တောင်ကြီးခရိုင်မီးသတ်စခန်း တောင်ကြီး–ဟိုပုံးမြို့အထွက် (၂) မိုင်၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က မီးသတ်တပ်ဖွဲ့သည် ပြည်သူလူထု၏ အသက်အိုးအိမ်၊ စည်းစိမ်များကို မီးဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်မှု ပေးနေသကဲ့သို့ ရေဘေး၊ လေဘေး၊ ငလျင်ဘေး စသည့်သဘာဝဘေးအန္တရာယ်များတွင်လည်း ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက် ပေးနေပါကြောင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများသည် မီးသတ်တပ်ဖွဲ့၏ ရည်မှန်းချက် တာဝန်တစ်ခုဖြစ်သည့်အတွက် မမျှော်လင့်ဘဲ သဘာဝဘေးအန္တရာယ်ဖြစ်ပွားပေါ်ပေါက်လာသည့်အခါ ဆုံးရှုံးမှုနည်းပါးသည်ထက် နည်းပါးစေရန်ကြိုတင်မျှော်မှန်းပြီး ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသားများက အဆောက်အအုံတည်ငြိမ်မှု ရှိ၊ မရှိ စောင့်ကြည့်ကိရိယာဖြင့် သရုပ်ပြသခြင်း၊ ဒေါက်ထောက်၊ ကျားကန်နည်းစနစ် သရုပ်ပြသခြင်း၊ ကြိုးကူးကယ်ဆယ်နည်းစနစ်နှင့် သုံးဆင့်လှေကားဖြင့် ကယ်ဆယ်ခြင်း နည်းစနစ် သရုပ်ပြသခြင်း၊ တောင်ကြား အသက်ကယ်ဆယ်ခြင်း၊ နံရံထွင်းဖောက် ဖြတ်တောက်ဝင်ရောက်ကယ်ဆယ်ခြင်း၊ မတင်ရွှေ့ပြောင်းခြင်း၊ ကြိုးဆင်းခြင်းနည်းစနစ်တို့ကို သရုပ်ပြသကြရာ အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ယင်းနောက် သရုပ်ပြသခဲ့သည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် အမှတ် (၃)အခြေခံပညာ အထက်တန်းကျောင်းမှ ဘင်ခရာတပ်ဖွဲ့ဝင်များအား ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ပြီး အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာတပ်ဖွဲ့များ၏ သရုပ်ပြသမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

## ဝမ်းတွင်းမြို့နယ်၌ သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး

မိတ္ထီလာ စက်တင်ဘာ ၅

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်တွင် ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးဆောင်ရွက်ခြင်းကို စက်တင်ဘာ ၅ ရက်က အခြေခံပညာအထက်တန်းကျောင်း(ခွဲ)လျှော်ပင်၌ ကျင်းပသည်။

အသိပညာပေးအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြင့်သိန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများအား လက်တွေ့မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြသသည်။ ယင်းနောက် သရုပ်ပြပွဲတွင် ခင်းကျင်းပြသထားသည့် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆောင်ရွက်ရာတွင် အသုံးပြုသည့် မီးသတ်ဆေးဘူးများနှင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ဒွေးလှိုင်(ဝမ်းတွင်း)



☆ စာမျက်နှာ ၇ မှ

ဖွင့်ပွဲအခမ်းအနားတွင် တရုတ်၊ မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံများမှ ပြန်ကြားရေးဝန်ကြီးများက တရုတ်–မြန်မာ ဈေးပွဲတော်နှင့် တရုတ်–ကမ္ဘောဒီးယား ဈေးပွဲတော်တို့ကို ဖွင့်လှစ်ပေးကြပြီး တရုတ်၊ မြန်မာ၊ ကမ္ဘောဒီးယား သုံးနိုင်ငံ အနုပညာရှင်များ စုပေါင်းတင်ဆက်သည့် Flash Light ဖျော်ဖြေမှု၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များ၏ “ရွှေလက်ကမ်း၍ ကြိုလျက်ပါ” အကဖြင့် ဖျော်ဖြေမှု၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ “နန်းကြာညိုကြော့” အကဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တရုတ်၊ မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံများမှ ဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့များသည် ပြခန်းများ၌ ခင်းကျင်းပြသထားသည့် နိုင်ငံအလိုက်ထုတ်ကုန်ပစ္စည်းများနှင့် မြန်မာနိုင်ငံက ဝင်ရောက်ပြသသည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ လက်မှုပညာပြခန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ လက်ဆောင်ပစ္စည်းအရောင်းပြခန်း၊ ပြည်ပခရီးသွားများအား ဆွဲဆောင်နိုင်သည့် ခရီးစဉ်ဒေသများနှင့် မြန်မာနိုင်ငံ၏ တောတောင်ရေမြေသဘာဝရှုခင်းများပြခန်း၊ တရုတ်–မြန်မာ ပူးပေါင်းဆောင်ရွက်မှုဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဈေးပွဲတော်တွင် တောင်အာရှနှင့် အရှေ့တောင်အာရှမှ စီးပွားရေးလုပ်ငန်းရှင် ၁၅၀ ကျော်က နိုင်ငံအလိုက်ထုတ်ကုန်ပစ္စည်းများအပြင် ယူနန်ဒေသထွက် စိုက်ပျိုးရေးထုတ်ကုန်များနှင့် ယူနန်ပညာရေးပြခန်းတို့ကို ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။ သတင်းစဉ်

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။**

## ဇမ္ဗူသီရိမြို့နယ်၌ မြို့ပြရှာဖွေကယ်ဆယ်ရေး ဖွဲ့စည်းနိုင်ရေး ကြိုတင်ပြင်ဆင်လေ့ကျင့်မှုသင်တန်းဆင်း



နေပြည်တော် စက်တင်ဘာ ၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မီးသတ်စခန်းတွင် မြို့ပြရှာဖွေကယ်ဆယ်ရေး (Light USAR Team) ဖွဲ့စည်းနိုင်ရေး ကြိုတင်ပြင်ဆင်လေ့ကျင့်မှုသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

### တက်ရောက်

သင်တန်းဆင်းပွဲ အခမ်းအနားတွင် နေပြည်တော်မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက သင်တန်းဆင်းအမှာစကား ပြောကြားခဲ့ပြီး နေပြည်တော်မီးသတ်ဦးစီးမှူးရုံးမှ အရာရှိကြီးများနှင့် အရာရှိများ၊ ခရိုင်မှူး၊ မြို့နယ်မှူးများ၊ သင်တန်းသားများ တက်ရောက်ခဲ့သည်။

အဆိုပါသင်တန်းအား မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ် အထူးရှာဖွေကယ်ဆယ်ရေးအဖွဲ့မှ နည်းပြသုံးဦးဖြင့် အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေး သင်တန်းဆင်းပြီးသော သင်တန်းသား ၂၃ ဦးတို့အား ရက်သတ္တ လေးပတ်ကြာ စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရသည်။

တင့်ဖူးခိုင်(ပြန်/ဆက်)

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် အလုပ်သမားဝန်ကြီးဌာန ဝန်ထမ်းများ၏ သား သမီးများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၅

အလုပ်သမားဝန်ကြီးဌာနရှိ ဦးစီးဌာန၊ အဖွဲ့ရုံးများမှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ဝန်ထမ်းများ၏ သား သမီး ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့်ဇနီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ၎င်းတို့၏ဇနီးများ၊ အရာထမ်း၊ အမှုထမ်းများ၊ ထူးချွန်ဆုရကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။




ဦးစွာပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၄) ဖွင့်ပွဲအခမ်းအနားတွင် အဆင့်မြင့်ပညာရပ်များကို သင်ယူခြင်းသည် ဘွဲ့အဆင့်အတန်းတစ်ခုရရှိရန်အတွက် သာမဟုတ်ဘဲ လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေပြီး ဘက်စုံအသိဉာဏ် ကြွယ်ဝသည့် နိုင်ငံသားများ ပေါ်ပေါက်စေကြောင်း၊ အရည်အသွေးရှိသည့် အဆင့်မြင့်ပညာရပ်များကို နှံ့စပ်စွာတတ်မြောက်ထားသည့် ဘွဲ့ရပညာတတ်များစွာ ပေါ်ထွက်လာမှသာ နိုင်ငံအတွက် အကျိုးရှိနိုင်မည်ဖြစ်ကြောင်း လမ်းညွှန်ခဲ့သဖြင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး သူများအားလုံး အဆင့်မြင့်ပညာရေးကို မဖြစ်မနေပြီးမြောက်အောင် ဆက်လက်ကြိုးစားသင်ယူကြရန်နှင့် မိမိအတွက်ရော နိုင်ငံအတွက်ပါ အကျိုးဖြစ်ထွန်းစေမည့် မျိုးဆက်သစ်လူငယ်များကို လူတော်လူကောင်းများ၊ အဖိုးတန်လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းလာစေရေး ကျောင်းသား ကျောင်းသူ၊ မိဘနှင့် သက်ဆိုင်သူများအားလုံးက ပူးပေါင်းပါဝင်ကြိုးပမ်း အားထုတ်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သား သမီးများအနက်မှ ထူးချွန်စွာအောင်မြင်ခဲ့သည့် ၄ ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ ၃ ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ ၂ ဘာသာဂုဏ်ထူးရှင်လေးဦး၊ ၁ ဘာသာဂုဏ်ထူးရှင်လေးဦးတို့ကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်း သား သမီးများနှင့် ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၅

ဆောက်လုပ်ရေး ဝန်ကြီးဌာန၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ဝန်ထမ်း သား သမီးများဖြစ်ကြသည့် ကျောင်းသား ကျောင်းသူများနှင့် ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁၁) စုဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ၊ ထူးချွန်ဆုရ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။





အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းများအနေဖြင့် နိုင်ငံတစ်ဝန်းတွင် ပြည်သူ့အကျိုးပြုလမ်း၊ တံတားများနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို တာဝန်ကျေပွန်စွာ ဆောင်ရွက်လျက်ရှိသကဲ့သို့ မိမိတို့၏ သား သမီးများကိုလည်း ယခုကဲ့သို့ ပညာရေးဘက်တွင်ထူးချွန်အောင် ပြုစု ပျိုးထောင်ပေးနိုင်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ ကျောင်းသား ကျောင်းသူများသည် ပညာကို ဆက်လက်ဆည်းပူးခြင်းဖြင့် မိမိတို့၏ လူမှုဘဝတိုတက်မြင့်မားလာမည် ဖြစ်သကဲ့သို့ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များလည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း၊ လူငယ်များသည် အတတ်ပညာသာမက အသိပညာဗဟုသုတပြည့်ဝရန် အထူးလိုအပ်ကြောင်း၊ ထို့ပြင် မိဘဆရာသမားတို့၏ အဆုံးအမများကို နာခံရမည့်အပြင် သုတ၊ ရသ ပြည့်ဝစေမည့် စာပေများကို ဖတ်ရှုရင်း ဘဝတိုးတက်မှုကို ရှာဖွေကြရန် တိုက်တွန်း ပြောကြားပြီး ၆ ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ လူရည်ချွန် သုံးထပ်ကွမ်း တစ်ဦးနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် အရာထမ်းအခြေခံသင်တန်းတွင် သင်တန်းသား စံပြဆုရရှိသူနှစ်ဦးတို့ကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုလက်မှတ်နှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လေးဘာသာဂုဏ်ထူး၊ သုံးဘာသာဂုဏ်ထူး၊ နှစ်ဘာသာ ဂုဏ်ထူးနှင့် တစ်ဘာသာဂုဏ်ထူးရရှိကြသူများအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုလက်မှတ်နှင့် ချီးမြှင့်ငွေများ ပေးအပ်ပြီး ခြောက်ဘာသာ ဂုဏ်ထူးရှင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေဖြင့် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူ ၁၅၂ ဦးအနက် ခြောက်ဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၀ ဦး ၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၆ ဦး စုစုပေါင်းဂုဏ်ထူးရှင် ၅၄ ဦးအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုလက်မှတ်နှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကွန်ပျူတာတက္ကသိုလ်(မကွေး) ၂၅ နှစ်ပြည့် ငွေရတုမှတ်တိုင် ဖွင့်ပွဲနှင့် (၆)ကြိမ်မြောက် သတင်းအချက်အလက်နှင့် နည်းပညာပရောဂျက်ပြိုင်ပွဲ ကျင်းပ

မကွေး စက်တင်ဘာ ၅

ကွန်ပျူတာတက္ကသိုလ်(မကွေး) ၂၅ နှစ်ပြည့် ငွေရတုမှတ်တိုင်ဖွင့်ပွဲနှင့် (၆)ကြိမ်မြောက် သတင်းအချက်အလက်နှင့် နည်းပညာ ပရောဂျက်ပြိုင်ပွဲ (The $6^{th}$ ICT Project Competition & Show, 2025) ကို ယမန်နေ့နံနက်ပိုင်းက အဆိုပါတက္ကသိုလ်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် သိပ္ပံကျောင်းများမှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကွန်ပျူတာ တက္ကသိုလ်(မကွေး)မှ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် လူမှုရေးရာဝန်ကြီးတို့က ကွန်ပျူတာတက္ကသိုလ်(မကွေး) ၂၅ နှစ်ပြည့် ငွေရတုမှတ်တိုင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က Project Competition & Show များ ကျင်းပပေးခြင်းဖြင့် ကျောင်းသား ကျောင်းသူအချင်းချင်း Teamwork, Collaboration စွမ်းရည်များပိုမိုကောင်းမွန်လာနိုင်သကဲ့သို့ ယှဉ်ပြိုင်လိုစိတ်၊ အောင်မြင်ချင်စိတ်၊ Motivation တို့ကို ပိုမိုမြှင့်တင်ပေးရာရောက်ကြောင်း၊The $6^{th}$ ICT Project Competition & Show, 2025 ပွဲသည် ကွန်ပျူတာတက္ကသိုလ် ကျောင်းသား ကျောင်းသူများအတွက် စာတွေ့သာမက လက်တွေ့ဆောင်ရွက်မှုပါပြသသော ပွဲဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားသည်။

ယင်းနောက် ကွန်ပျူတာတက္ကသိုလ်(မကွေး) ဒုတိယပါမောက္ခချုပ် ဒေါက်တာမျိုးမင်းသန်းက ၂၅ နှစ်မြောက် တက္ကသိုလ်နှစ်ပတ်လည် ငွေရတုအခမ်းအနားနှင့် (၆)ကြိမ်မြောက် သတင်းအချက်အလက်နှင့် နည်းပညာပရောဂျက်ပြိုင်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၅ နှစ်ပြည့် တက္ကသိုလ်နှစ်ပတ်လည် ငွေရတုပွဲဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီကြသည့် အဖွဲ့အစည်းများနှင့် ကျောင်းသား ကျောင်းသူဟောင်းများထံ ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း၊ ကပြဖျော်ဖြေတင်ဆက်ကြသည့် ကွန်ပျူတာတက္ကသိုလ် (မကွေး) ကျောင်းသား ကျောင်းသူများထံ ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ပြီး ကွန်ပျူတာတက္ကသိုလ် (မကွေး) ပြိုင်ပွဲဝင် Project များကို လှည့်လည်အားပေးကြည့်ရှုကြသည်။



မွန်းလွဲပိုင်းတွင် (၆)ကြိမ်မြောက် သတင်းအချက်အလက်နှင့် နည်းပညာ ပရောဂျက်ပြိုင်ပွဲ (The $6^{th}$ ICT Project Competition & Show, 2025) ဆက်လက်ကျင်းပပြီး အကဲဖြတ်အမှတ်ပေးခြင်း၊ ပြိုင်ပွဲဝင်အသင်းများရရှိထားသော Voting များရေတွက်ခြင်း၊ ဂုဏ်ပြုကတ်များပေးအပ်ခြင်းနှင့် ဆုရရှိသည့် အသင်းများအား ဆုများပေးအပ်ချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်ညီညာ**

## သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူဆွေးနွေးပွဲ၊ ယူရီးယားဓာတ်မြေဩဇာပေးအပ်ခြင်းနှင့် သဘာဝမြေဩဇာပြုလုပ်သုံးစွဲခြင်းကွင်းသရုပ်ပြပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၅**

သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူဆွေးနွေးပွဲ၊ ယူရီးယားဓာတ်မြေဩဇာပေးအပ်ခြင်းနှင့် သဘာဝမြေဩဇာပြုလုပ်သုံးစွဲခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် တဲကြီးကုန်းကျေးရွာ တောင်သူ ဦးမျိုးနိုင်ဦး၏ ကွင်းအမှတ် (၁၆၅၉)ကွင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် စပ်လျဉ်း၍ လိုအပ်သည်များမှာကြားပြီး ဓာတ်မြေဩဇာသွင်းအားစုများကို တောင်သူများထံပေးအပ်ကာ တောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တောင်သူများ မြေပဲရိုးဖြင့် သဘာဝမြေဩဇာပြုလုပ်နည်း သရုပ်ပြဆောင်ရွက်နေမှုနှင့်



သဘာဝဓာတ်မြေဩဇာနှင့် ပုလဲဓာတ်မြေဩဇာ ရောနှောကြဲပက်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဇေယျာသီရိမြို့နယ် သစ်တက်ကျေးရွာ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးဘေး လမ်းဘေးရေမြောင်းများ ရေစီးဆင်းမှုနှင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဥတ္တရသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမကြီးပေါ်ရှိ လျှပ်စစ်လိုင်းခတ်မှုကြောင့် ပျက်စီးခဲ့သောလမ်းပိုင်းများ ပြုပြင်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီး၊ နေပြည်တော်ကောင်စီဝင်များနှင့် ဇနီးများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်များနှင့် တာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ် နေပြည်တော်အားကစားရုံ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဖလား မြို့နယ်ပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးပစ်) ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ အသင်းအလိုက် ကိုးဦးပြိုင်ပွဲ၊ အသင်းအလိုက် သုံးဦးပြိုင်ပွဲနှင့် တစ်ဦးချင်း ဗိုလ်လုပွဲများကို ကြည့်ရှုအားပေးပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုရရှိကြသူများကို တံခွန်စိုက်ဆုဖလားနှင့် ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**




## အလုပ်ခွင် ထိခိုက်မှုကြောင့် ကျန်ရစ်သူ(ငွေလုံးငွေရင်း) ထုတ်ပေး

**ရန်ကုန် စက်တင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် Shinsung -5 စက်ရုံမှ အာမခံအလုပ်သမား ဦးစိုး၏ လုပ်ငန်းခွင်ထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူ (ငွေလုံးငွေရင်း) ထုတ်ပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက လုပ်ငန်းခွင်ထိခိုက်သေဆုံးခြင်းအတွက် အာမခံအလုပ်သမား ဦးစိုး၏ ဇနီး ဒေါ်စန်းစန်းမော်အား ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေကျပ် ၁၂၂၄၅၀၀၀ ကိုငွေထံသို့ အလုပ်ဌာနတာဝန်ရှိသူများ၊ အလုပ်သမားရေးရာညှိနှိုင်းရေးကော်မတီ(WCC)အဖွဲ့ဝင်များ၊ မိသားစုဝင်များရှေ့မှောက်တွင် ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။ **မင်းသိန်းထွန်း**

## မြစ်ကြီးနားမြို့၌ မိုးစပါးရာနှုန်းပြည့်အထွက်နှုန်းရရှိရေး တောင်သူများထံ သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲနှင့် တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကျင်းပ

**မြစ်ကြီးနား စက်တင်ဘာ ၅**

မိုးစပါး ရာနှုန်းပြည့်အထွက်တိုးရေး သွင်းအားစုများထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ကံ့ကော်မြိုင်ကျေးရွာ ကံ့ကော်မြိုင်ကွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဒေသခံ တောင်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**ပေးအပ်**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အဓိကစိုက်ပျိုးသည့် စပါးခင်းများအထွက်တိုးရေး "မျိုး၊ မြေ၊ ရေ၊ နည်းစနစ်" များအပြင် သွင်းအားစုများကို အချိန်ကိုက် အချိုးကျ အပြည့်အဝ ထည့်သွင်းနိုင်ရေးသည် အရေးကြီးကြောင်းနှင့် မြေဆီလွှာရေရှည် တည်တံ့ဖွံ့ဖြိုးရေး သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများကို အချိုးကျရောစပ်သုံးစွဲကြရန် တိုက်တွန်းပြောကြားပြီး မိုးစပါးစိုက် တောင်သူများအတွက် Paclobutrazol ဆေး၊ ရွက်ဖျန်းမြေဩဇာအိတ်များနှင့် ပိုတက်မြေဩဇာအိတ်များ ပေးအပ်သည်။

ထို့နောက် ကံ့ကော်မြိုင် ကွင်းအမှတ် (၄၅)အတွင်းရှိ ဒေသခံတောင်သူများ၏ မိုးစပါးစိုက်ခင်းများကို လည်းကောင်း၊ စပါးအထွက်တိုးရေး ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ အချိန်ကိုက် အချိုးကျရောစပ် အသုံးပြုခြင်းနှင့် ရွက်ဖျန်းမြေဩဇာပက်ဖျန်းခြင်း တောင်သူအသိပညာပေး ကွင်းသရုပ်ပြသမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က သီးထပ်စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးတို့အတွက် ဆောင်ရွက်သွားရမည့် နည်းလမ်းများ၊ လိုအပ်သည်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ပြည်နယ်အဆင့်ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်ထားရှိမှုနှင့် လိုအပ်ချက်များ၊ အတည်ပြု ဆုံးဖြတ်ပေးရန်လိုအပ်သည့် ကိစ္စရပ်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ဝေါမြို့၌ ပဲခူး - စစ်တောင်းတူးမြောင်းအတွင်း ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

**ဝေါ စက်တင်ဘာ ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝေါမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ငါးသယံဇာတ ပေါများကြွယ်ဝစေရန်နှင့် ငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ငါးမျိုးစိုက်ထည့်ခြင်းကို စက်တင်ဘာ ၄ ရက် နံနက် ၈ နာရီခွဲက ဝေါမြို့ ပဲခူး - စစ်တောင်း တူးမြောင်း တံတားအနီးတွင် ကျင်းပသည်။



**စုပေါင်းစိုက်ထည့်**

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသီဟထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းကိုကိုထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသခံ အင်းသားကြီးများ၊ ရေလုပ်ငန်းရှင်များနှင့် ကျောင်းသားကျောင်းသူများက ပဲခူး - စစ်တောင်း တူးမြောင်းအတွင်း ငါးမြစ်ချင်းသားပေါက်ကောင်ရေ တစ်သိန်းနှင့် ငါးခုံးမကြီးကောင်ရေ တစ်သိန်းတို့ကို စုပေါင်းစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



သန်လျင် အထက(၁)စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ဖွင့်ပွဲကို စက်တင်ဘာ ၅ ရက်က ရတနာရှင်းသန့်ခန်းမ၌ ကျင်းပရာ ပြိုင်ပွဲများ၌ ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှပိုမို က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ သန်းဝင်း(သန်လျင်)

# Yoma Mandalay Run For the Community 2025 ကျင်းပနိုင်ရေးဆွေးနွေး

**မန္တလေး စက်တင်ဘာ ၅**

မန္တလေးမြို့တွင် Yoma Mandalay Run For the Community 2025 ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် YOMA Group မှ တာဝန်ရှိသူများနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ YOMA Group မှ တာဝန်ရှိသူများက မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်နေမှုနှင့် လုပ်ငန်းများလည်ပတ်နေမှု၊ Yoma Marathon ပွဲများကို ကျန်းမာရေးနှင့် လူမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သည့်အပေါ် အတွေ့အကြုံများ၊ မန္တလေးမြို့တွင် Yoma Mandalay Run For the Community 2025 ကျင်းပမည့်



ရည်ရွယ်ချက်များနှင့် အောင်မြင်စွာကျင်းပနိုင်ရေး လျာထားအစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နိုင်ငံတော်က တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်သည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ရေးအတွက် ကဏ္ဍအစုံတွင် အားကစားပြိုင်ပွဲမျိုးစုံကို အားကစားပြက္ခဒိန်ရေးဆွဲပြီး အလေးထားကာ ကျင်းပပေးနေမှု၊ မန္တလေးမြို့တွင် Yoma Mandalay Run For the Community 2025 ကျင်းပမည့် အခမ်းအနားနှင့်စပ်လျဉ်း၍ ပြည်တွင်း ပြည်ပမှ အသက်အရွယ်မရွေး၊ ဘာသာမရွေး၊ လူတန်းစားမရွေး အပျော်တမ်း၊ ဝါသနာရှင်များစွာဖြင့် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲသွားနိုင်ရေးနှင့် ဆုများကိုလည်း ထိုက်တန်စွာချီးမြှင့်သွားရေး၊ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများက ဖြည့်စွက်ပြောကြားပြီး တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာသိပ္ပံကျောင်း (မန္တလေး) ကျောင်းအုပ်ကြီးတို့က တင်ပြအကြံပြု ပြောကြားရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ပန်းဘဲတန်းမြို့နယ်၌ နေရပ်စွန့်ခွာပြည်သူများအား စားသုံးကုန်ပစ္စည်းများပေးအပ်

**ရန်ကုန် စက်တင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်အတွင်းသို့ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာလာသူများအား ဆန်၊ ဆီ၊ ဆား၊ ပဲ စားသုံးကုန်ပစ္စည်းများ(တစ်ပတ်စာ) ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပန်းဘဲတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ကျောက်တံတားခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး စိုးမင်းအောင်က အမှာစကားပြောကြားပြီး တိုက်ပွဲရှောင်ပြည်သူ တစ်ဦးလျှင် ၁၁၂၆ ကျပ်နှုန်းဖြင့် အိမ်ထောင်စု ၁၃ စု၊ လူဦးရေ ၄၈ ဦးတို့အတွက် စုစုပေါင်း ၅၃၈၈၄၈ ကျပ် တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား၊ ပဲ စားသုံးကုန်ပစ္စည်းများ (တစ်ပတ်စာ)ကို တာဝန်ရှိသူများက ကာယကံရှင် လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## တွံတေးခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ရာသက်ပန် အသင်းဝင်အသိအမှတ်ပြုကတ်နှင့် ရင်ထိုးတံဆိပ်များပေးအပ်ပွဲကျင်းပ

**တွံတေး စက်တင်ဘာ ၅**

ရန်ကုန် တိုင်းဒေသကြီး တွံတေးခရိုင် အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင်အသိအမှတ်ပြုကတ်နှင့် ရင်ထိုးတံဆိပ်ပေးအပ်ခြင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ အသင်း၏ လုပ်ငန်းအကြောင်း ရှင်းလင်းခြင်း၊ ရာသက်ပန်အသင်းဝင် အသိအမှတ်ပြုကတ်နှင့် ရင်ထိုးတံဆိပ်များ ပေးအပ်ခြင်းကို ယမန်နေ့မွန်းလွဲပိုင်းက တွံတေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တော်ဝင်စန္ဒကူးခန်းမ၌ ကျင်းပသည်။



ဦးစွာ တွံတေးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက အဖွဲ့ဝင်လုပ်ငန်းများ အကြောင်း ရှင်းလင်းပြောကြားပြီး တွံတေးခရိုင်အတွင်းရှိ အဖွဲ့ဝင်သစ်များအတွက် အဖွဲ့ဝင် အသိအမှတ်ပြုကတ်နှင့် ရင်ထိုးတံဆိပ်များပေးအပ်ရာ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒလနှင့် ဆိပ်ကြီး ခနောင်တိုမြို့နယ်တို့မှ ဥက္ကဋ္ဌများက လက်ခံရယူကြသည်။

ဆက်လက်၍ တွံတေးခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အသင်းဝင်၏ လုပ်ငန်းများအကြောင်း ရှင်းလင်းပြီး အသင်းဝင်သစ်များအတွက် ရာသက်ပန်အသင်းဝင် အသိအမှတ်ပြုကတ်နှင့် ရင်ထိုးတံဆိပ်များပေးအပ်ရာ တွံတေးခရိုင်အတွင်းရှိ မြို့နယ်ငါးမြို့နယ်မှဥက္ကဋ္ဌများနှင့် အသင်းဝင်များက လက်ခံရယူကြကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**

## ပညာရေးဝန်ထမ်းများ ငွေစုငွေချေးသမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ပညာရေးဝန်ထမ်းများ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ပုဇွန်တောင်မြို့နယ် ပညာရေးမှူးရုံး တေဇခန်းမ၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

အစည်းအဝေးတွင် ပညာရေးဝန်ထမ်းများ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဒေါ်ဒွန်စန်းကျင်က သဘာပတိအဖြစ်ဆောင်ရွက်၍ အသင်း၏လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သန္တာက သမဝါယမအသင်းဥပဒေနှင့် နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးသည်။



ဆက်လက်၍ အမှုဆောင်တစ်ဦးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အမှုဆောင်အဖွဲ့အစီရင်ခံစာ၊ အသင်းသားစာရင်းစစ် အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားအတည်ပြုချက်ရယူပြီး အသင်းသားများအား စုဆောင်းငွေအပေါ်အတိုးနှင့် အသင်းသားလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဟန်စုယဉ်**



## ကန်ကြီးထောင့်မြို့နယ်၌ အရန်မီးသတ် လေ့ကျင့်ရေး (မွမ်းမံ)သင်တန်းဖွင့်လှစ်

**ကန်ကြီးထောင့် စက်တင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် မီးသတ်ဦးစီးဌာနက ကြီးမှူး၍ အရန်မီးသတ်လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းကို စက်တင်ဘာ ၁ ရက်က စတင်ဖွင့်လှစ်ခဲ့ရာ ယနေ့အထိ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ထိုသို့ သင်ကြားရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုး၏ ကြီးကြပ်မှုဖြင့် မီးသတ်ပညာဘာသာရပ်များ၊ ရှာဖွေကယ်ဆယ်ရေး ပညာဘာသာရပ်များ၊ မီးသတ်တပ်ဖွဲ့ဥပဒေ/ နည်းဥပဒေများနှင့် မီးသတ်ပစ္စည်းကိရိယာများအကြောင်းကို စာတွေ့၊ လက်တွေ့ လုပ်ငန်းခွင်မပျက် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သာယာဝတီမြို့၌ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

**သာယာဝတီ စက်တင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရဲတပ်ဖွဲ့ဝင်များစုပေါင်း၍



ပြည်သူ့အကျိုးပြု သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယမန်နေ့က သာယာဝတီမြို့နယ် အောင်သိဒ္ဓိဘုရားအတွင်း၊ အပြင်၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ကြရာတွင် သာယာဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးခိုင်၊ သာယာဝတီမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးရဲစိုးတို့ဦးဆောင်၍ သာယာဝတီမြို့နယ်ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် စာရေးဝန်ထမ်းများစုပေါင်း၍ ရဲတပ်ဖွဲ့ဝင် ၈၀ ခန့်က အောင်သိဒ္ဓိဘုရားဝင်းအတွင်း၊ အပြင်သန့်ရှင်းသာယာလှပရေးအတွက် တံမြက်စည်းလှည်းခြင်း၊ အမှိုက်များ ကောက်သိမ်းရှင်းလင်းခြင်း၊ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်းရှင်းလင်းခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# (၂၆)ကြိမ်မြောက် ပဲခူးတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ



ပဲခူး စက်တင်ဘာ ၅

ပဲခူးမြို့ မြို့တော်ခန်းမ၌ စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက (၂၆)ကြိမ်မြောက် ပဲခူးတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမ အဆို၊ အက၊ အရေး၊ အတီး ပညာရပ်များအပေါ် မျိုးဆက်သစ် လူငယ်မောင်မယ်များအနေဖြင့် ဂုဏ်ယူ မြတ်နိုးတန်ဖိုးထားတတ်စေရန်နှင့် လက်ဆင့်ကမ်း အမွေအဖြစ် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်စေ ရန်အတွက် အားပေးမြှင့်တင် ကျင်းပပေးရခြင်းဖြစ် ကြောင်း၊ တိုင်းဒေသကြီးအဆင့်မှ ရွေးချယ်ခံထားရသူ များအနေဖြင့် နိုင်ငံတော်အဆင့်ပြိုင်ပွဲတွင် အမှတ်ပေး စံနှုန်းများနှင့် ညီညွတ်အောင် ဝတ်စားဆင်ယင်၊ တီးခတ်သီဆိုကပြ ယှဉ်ပြိုင်နိုင်မှသာ ထိုက်တန်သည့် ဆုတံဆိပ်များရရှိနိုင်မည်ဖြစ်ကြောင်း၊ စခန်းဝင် လေ့ကျင့်သည့်အချိန်မှစ၍ နိုင်ငံတော်အဆင့် ပြိုင်ပွဲပြီးဆုံးသည့်အချိန်ထိ အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က (၂၆)ကြိမ်မြောက် ပဲခူးတိုင်းဒေသကြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပထမဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများ ကိုလည်းကောင်း၊ အထူးဆုရရှိသူများအား တိုင်းဒေသ ကြီး ဝန်ကြီးချုပ်၏ ဇနီးက ဆုတံဆိပ်နှင့် ငွေသားဆု များကိုလည်းကောင်း ချီးမြှင့်ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများက (၂၆)ကြိမ်မြောက် ပဲခူးတိုင်းဒေသကြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဘာသာရပ်အလိုက် ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ပေးအပ်ကြသည်။

ပဲခူးမြို့၌ ကျင်းပသည့် ပဲခူးတိုင်းဒေသကြီး (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၌ အဆိုဘာသာရပ်သုံးခု၊ အကဘာသာရပ်တစ်ခု၊ အရေးဘာသာရပ် ၁၁ ခု၊ စုစုပေါင်းအမျိုးအစား ၁၆ ခုကို ပြိုင်ပွဲဝင် ၁၃၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၂၉ ခု၊ အထူးဆု ၂၄ ဆု၊ ငွေတံဆိပ် ၂၉ ခု၊ ကြေးတံဆိပ် ၁၆ ခုနှင့် နှစ်သိမ့်ဆု ၃၀ စုစုပေါင်း ၁၂၈ ခုနှင့် ဂုဏ်ပြုငွေသား ဆုများ ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး)က ဦးစီး၍ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ကွင်းဆင်းဆေးကုသပေး

ရန်ကုန် စက်တင်ဘာ ၅

မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ရန်ကုန် တိုင်းဒေသကြီး)က ဦးစီး၍ တိုင်းရင်းဆေးပညာ ဦးစီးဌာန တိုင်းရင်းဆေးရုံ၊ တိုင်းရင်းဆေးဆရာအသင်း နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်သူများက ရန်ကုန်တိုင်း ဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေ ပြည်သူ များအား (၁၆၈)ရပ်ကွက် လှသိင်္ဂီလမ်းရှိ အနန္တသုခ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၌ ယနေ့ နံနက်ပိုင်းတွင် ကွင်းဆင်းဆေးကုသပေးသည်။

**ကုသပေး**

ထိုသို့ ကွင်းဆင်းဆေးကုသရာတွင် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး) နာယက ဦးအောင်မြတ်ကျော်၊ တိုင်းဒေသကြီး တာဝန်ခံ ဆရာကြီး ဦးခင်မောင်ဝင်း (ရွှေမန်းတောင်)၊ တိုင်းဒေသကြီးဥက္ကဋ္ဌ ဒေါ်သန်းသန်းမြင့်၊ ရန်ကုန် တိုင်းရင်းဆေးရုံအုပ် ဒေါ်စိုးစိုးမွန်နှင့် ဝန်ထမ်းများ၊ တိုင်းရင်းဆေးသမားတော်ကြီးများ ပါဝင်သောအဖွဲ့ က ရပ်ကွက်နေပြည်သူများအား သွေးတိုး၊ ဆီးချို၊ ဒူးနာ၊ ခါးနာ၊ အဆစ်ရောင်လေးဖက်နာ၊ အကြောတက် ကိုက်ခဲ၊ လေဖြတ်လေငန်း၊ အာရုံကြောအားနည်း၊ မီးယပ်ရောဂါများကို သောက်ဆေး၊ လိမ်းဆေးပေး ခြင်း၊ ဆေးကြပ်ထုပ်ထိုးခြင်း၊ အကြောပြင်ကုသခြင်း၊ ဆေးစည်းပေးခြင်းများပြုလုပ်၍ ရပ်ကွက်နေပြည်သူ ၂၈၅ ဦးတို့အား တိုင်းရင်းဆေးဖြင့် ကုသပေးနိုင်ခဲ့ ကြောင်း သိရသည်။

**ကိုဌေး**

# အုတ်တွင်းမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး



အုတ်တွင်း စက်တင်ဘာ ၅

ပဲခူးတိုင်းဒေသကြီး အုတ်တွင်း မြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးအတွက် ကွင်းဆင်း စစ်ဆေးခြင်းကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် မြို့နယ်အတွင်း ရှိ စက်သုံးဆီအရောင်းဆိုင်များ၌ ပြုလုပ်သည်။

ထိုသို့ စစ်ဆေးရာတွင် လျှပ်စစ် မီးများသုံးစွဲရာ၌ ခံနိုင်ဝန်ထက် ပိုမိုအသုံးမပြုရေး၊ ဟောင်းနွမ်း သော လျှပ်စစ်မီးကြိုးများကို အသစ် လဲလှယ်အသုံးပြုရေး၊ လျှပ်စစ် အသုံးပြုရာတွင် သတိထားရမည့် အချက်များ၊ ဆေးလိပ်သောက်ရာတွင် သတိပြု ဆင်ခြင်သင့်သည့် အချက်များ၊ ဖယောင်းတိုင်နှင့် လောင်စာဆီ အသုံးပြုရာတွင် သတိပြုသင့်သည့် အချက်များ၊ အမှိုက်မီးရှို့ရာတွင် လိုက်နာရမည့် အချက်များကို ပြည်သူများသိရှိ လိုက်နာ ဆောင်ရွက်သွားကြရန်နှင့် မီးဘေး အန္တရာယ်ကျရောက် လာပါက မြို့နယ်မီးသတ်ဦးစီးဌာနသို့ အချိန်မီ ဆက်သွယ် အကြောင်းကြားပေး ရန် အသိပညာပေး ပြောကြားခဲ့ ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

# ကျောက်တံခါးမြို့နယ်၌ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

ကျောက်တံခါး စက်တင်ဘာ ၅

ပဲခူးတိုင်းဒေသကြီးကျောက်တံခါး မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီး ဌာနက ကာကွယ်ဆေးထိုးခြင်း ဖြင့် ကာကွယ်နိုင်သောရောဂါများ ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရေး အတွက် တိုးချဲ့ကာကွယ်ဆေးထိုး လုပ်ငန်းကို မြို့ပေါ်ရပ်ကွက်များ၊ ကျေးရွာများနှင့် အခြေခံပညာ ကျောင်းများတွင် ဆောင်ရွက် သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ကျောက်တံခါးမြို့နယ် ပြည်သူ့ ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ စည်သူစန်း ဦးဆောင် သော ကွင်းဆင်းကြီးကြပ်အဖွဲ့က ကလေးငယ်ပေါင်း ၁၇၀၃ ဦးနှင့် ကိုယ်ဝန်ဆောင်မိခင် ၆၆၉ ဦးတို့ အား ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးပြီး မြို့နယ်ပြည်သူ့ ကျန်းမာရေး ဦးစီးဌာနမှူးက ကာကွယ်ဆေးများ အကြောင်း ကျန်းမာရေးပညာပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ကော့သောင်းမြို့၌ အဆို၊ အက၊ အရေး၊ အတီး (ခရိုင်အဆင့်) ပြိုင်ပွဲဖွင့်

ကော့သောင်း စက်တင်ဘာ ၅

တနင်္သာရီတိုင်း ဒေသကြီး ကော့သောင်းမြို့တွင် (၂၆)ကြိမ် မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ခရိုင် အဆင့်)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကို ယမန်နေ့နံနက်ပိုင်းက ကော့သောင်းမြို့ မဏ္ဍပ်သဘင်ခန်းမ ၌ ကျင်းပသည်။



ဦးစွာ (၂၆)ကြိမ်မြောက် မြန်မာ့ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ခရိုင်အဆင့်) ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ကော့သောင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲမြတ်တင့်၊ ခရိုင်တရားသူကြီး ဦးချစ်ကိုကိုနှင့် မြို့နယ်စီမံခန့်ခွဲ ရေးနှင့်အုပ်ချုပ်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးနိုင်လင်းထက်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်၍ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများက သာယာဝေစည် ကော့သောင်း ဌာနေ အဖွင့်သီချင်းဖြင့် ကပြ ဖျော်ဖြေကြပြီး ပြိုင်ပွဲဝင်များက ပြိုင်ပွဲ အမျိုးအစားအလိုက် ယှဉ်ပြိုင်ခဲ့ကြကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

**✜ တရုတ်မှ**

သွင်းယူခဲ့သည်။ ယခုနိုင်ပွဲမှာ မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်း နည်းပြချုပ်သစ်ဖြစ်သူ ထိုင်းနိုင်ငံသား ပတ္တရားပီခွန်အတွက် ပထမဆုံး နိုင်ငံတကာပြိုင်ပွဲတွင် နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ် သည်။

တရုတ်ဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲကို စက်တင်ဘာ ၅ ရက်မှ ၁၁ ရက်အထိ ကျင်းပလျက်ရှိပြီး အုပ်စု (A)တွင် တရုတ်၊ တောင်ကိုရီးယား၊ ဒိန်းမတ်၊ ယူအေအီး၊ အုပ်စု(B)တွင် မြန်မာ၊ အင်ဒိုနီးရှား၊ နယူးဇီလန်နှင့် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်နေ သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် စက်တင်ဘာ ၆ ရက် မြန်မာစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် အင်ဒိုနီးရှားအသင်းနှင့် ကစားရမည် ဖြစ်သည်။

**ရှိုင်းထက်ဇော်**

## ဘူမ်ကျိုင်းထိုင်း (BJT) ပါတီခေါင်းဆောင် အနုတင်ချာဗီရာကူ ဝန်ကြီးချုပ်အဖြစ်ရွေးချယ်ခံရ

**ဗန်ကောက် စက်တင်ဘာ ၅**

အတိုက်အခံ ဘူမ်ကျိုင်းထိုင်း (BJT) ပါတီခေါင်းဆောင် အနုတင်ချာဗီရာကူက ပါလီမန်တွင် ထောက်ခံမဲအများစုရရှိပြီး ထိုင်းနိုင်ငံ၏ ဝန်ကြီးချုပ်သစ်အဖြစ် ယနေ့ရွေးချယ်ခံခဲ့ရသည်။

အနုတင်ချာဗီရာကူက အာဏာရ ဖြူထိုင်းပါတီမှ တစ်ဦးတည်း အမည်စာရင်းတင်သွင်းခံရသည့် ချိုင်ကာဆမ်နစ်ဆီရီအား အနိုင်ရရှိခဲ့သည်။

အနုတင်ချာဗီရာကူက အောက်လွှတ်တော်အမတ် ၄၉၀ အနက် ၃၁၁ ဦး၏ ထောက်ခံမဲရရှိသည့်အတွက် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခန့်အပ်ရန် လိုအပ်သည့် မဲပမာဏကို ကျော်လွန်ခဲ့ကြောင်း အောက်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ချာလတ်ခမ်ချောင်က ကြေညာခဲ့သည်။



အနုတင်ချာဗီရာကူသည် ထိုင်းနိုင်ငံ၏ ၃၂ ယောက်မြောက် ဝန်ကြီးချုပ်ဖြစ်လာသည်။

ပါလီမန်အမတ်များမှတစ်ဆင့် ဝန်ကြီးချုပ်ရာထူးခန့်အပ်ရန် ထောက်ခံအားပေးမှုအတွက် ထိုင်းပြည်သူများအား ကျေးဇူးတင်ရှိကြောင်း အနုတင်ချာဗီရာကူက ပြောကြားခဲ့သည်။

တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် ပါတီအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## အင်ဒိုနီးရှားက ပြည်ဝင်ခွင့်လွယ်ကူစေရေးအတွက် အက်ပလီကေးရှင်းဖြင့် ဆောင်ရွက်

**ဂျကာတာ စက်တင်ဘာ ၅**

အင်ဒိုနီးရှားနိုင်ငံက နိုင်ငံအတွင်းရောက်ရှိလာသည့် နိုင်ငံတကာ ခရီးသွားများ ပြည်ဝင်ခွင့်လွယ်ကူစေရေးအတွက် ဖုန်းအက်ပလီကေးရှင်းတစ်ခုကို ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

All Indonesia ဟု အမည်ရသည့် ယင်းအက်ပလီကေးရှင်းသည် နိုင်ငံတကာခရီးသွားများ ဆိုက်ရောက်ချိန်တွင် ဖြည့်စွက်ရမည့် အချက်အလက်များကို အွန်လိုင်းမှ ဖြည့်စွက်စေမည်ဖြစ်ကာ စက်တင်ဘာ ၁ ရက်မှစတင်ဆောင်ရွက်နေကြောင်း သိရသည်။

ခရီးသွားများအနေဖြင့် အင်ဒိုနီးရှားနိုင်ငံသို့မရောက်မီ သုံးရက်အလိုတွင် အက်ပလီကေးရှင်းမှ အချက်အလက်များကို ဖြည့်ရမည်ဖြစ်သည်။

ယခုစနစ်ကြောင့် နိုင်ငံတကာခရီးသွားများအနေဖြင့် အွန်လိုင်းမှ ဆိုက်ရောက်ဗီဇာကြေးပေးနိုင်ခြင်းနှင့် တန်းစီရသည့်အတွက် အချိန်မကုန်နိုင်တော့ကြောင်း သိရသည်။ အွန်လိုင်းမှ အချက်အလက်များဖြည့်ပြီးသည်နောက်တွင် ကျူအာကုတ်ရရှိမည်ဖြစ်ပြီး နိုင်ငံအတွင်းသို့ဆိုက်ရောက်ချိန်တွင် ပြသရမည်ဖြစ်သည်။ ၎င်းစနစ်အား မြို့တော်ဂျကာတာရှိ ဆူကာနိုဟာတာလေဆိပ်၊ ဆူယာဗာယာရှိ ဂျူဒါလေဆိပ်၊ ဘာလီရှိ အိုင်ဂက်စတီငူယာရိုင်းလေဆိပ်နှင့် ဗာတန်ဒေသရှိ ရေကြောင်းဆိပ်ကမ်းများတွင်စတင်အသုံးပြုမည်ဖြစ်သည်။

**ကိုးကား–ဗွီအင်န်အိတ်ပရက်စ်**
**ဘာသာပြန်–စိုးသူရ**

## အီရန်နျူကလီးယားအရေးနှင့်ပတ်သက်၍ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများ ဆွေးနွေး

**တီဟီရန် စက်တင်ဘာ ၅**

ပြင်သစ်၊ ဗြိတိန်နှင့် ဂျာမနီတို့က အီရန်အပေါ် နိုင်ငံတကာ ဒဏ်ခတ်ပိတ်ဆို့မှုများ ပြန်လည်စတင်ရန် ပြင်ဆင်လျက်ရှိစဉ် အီရန်နိုင်ငံခြားရေးဝန်ကြီး အာဘာစ်အာရာဂ်ချီနှင့် ဥရောပသမဂ္ဂ နိုင်ငံခြားရေးမူဝါဒ အကြီးအကဲ ကာလက်စ်တို့က တီဟီရန်နျူကလီးယားအရေးနှင့်ပတ်သက်၍ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးခဲ့ကြကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ ကြေညာခဲ့သည်။

အာရာဂ်ချီနှင့် ကာလက်စ်တို့သည် ကာတာနိုင်ငံ မြို့တော်ဒိုဟာ၌ ယမန်နေ့တွင် တွေ့ဆုံခဲ့ပြီး အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီနှင့် အီရန်၏ ပူးပေါင်းဆောင်ရွက်မှုအပေါ် အမြင်ချင်း ဖလှယ်ခဲ့ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။



ဗြိတိန်၊ ပြင်သစ်နှင့်ဂျာမနီတို့၏ စုပေါင်းလှုပ်ရှားမှုသည် ဥပဒေနှင့်ညီညွတ်မှုမရှိသည့်အပြင် တရားမျှတမှုလည်းမရှိကြောင်း ထုတ်ပြန်ချက်တွင် ရေးသားထားသည်။

၂၀၁၅ ခုနှစ် နျူကလီးယား သဘောတူညီချက်၏ ပူးတွဲညှိနှိုင်းရေးမှူးဖြစ်သော ဥရောပသမဂ္ဂ နိုင်ငံခြားရေးမူဝါဒ အကြီးအကဲ ကာလက်စ်အား အီရန်အပေါ် နိုင်ငံတကာ ဒဏ်ခတ်ပိတ်ဆို့မှုများ ရုပ်သိမ်းရန် အာဘာစ်အာရာဂ်ချီက အလေးပေးပြောကြားခဲ့သည်။

အီရန်နိုင်ငံနှင့် သံတမန်လမ်းကြောင်းမှတစ်ဆင့် စေ့စပ်ညှိနှိုင်းမှုသည် ပါတီအားလုံး၏ စိုးရိမ်မှုများကို ဖယ်ရှားရန် တစ်ခုတည်းသော နည်းလမ်းဖြစ်ပြီး သံခင်းတမန်ခင်းဆိုင်ရာ အခွင့်အလမ်းများ ပိုမိုပေးရန် လိုအပ်ကြောင်း ကာလက်စ်က ပြောကြားခဲ့သည်။

လာမည့်သီတင်းပတ်များအတွင်း ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်မည် ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## အစ္စရေးတပ်ဖွဲ့က ဂါဇာစီးတီး၏ပိုင်နက်နယ်မြေ ၄၀ ရာခိုင်နှုန်းကို ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း ပြောကြား

**ဂါဇာစီးတီး စက်တင်ဘာ ၅**

အစ္စရေးတပ်ဖွဲ့က ဂါဇာမြို့တော်ကို သိမ်းပိုက်ရန် အရှိန်မြှင့်ကြိုးပမ်းလျက်ရှိရာ လက်ရှိတွင် ပိုင်နက်နယ်မြေ ၄၀ ရာခိုင်နှုန်းကို ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း ယနေ့ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသ၌ စစ်ပွဲအဆုံးသတ်ရေး ဟားမတ်စ်၏ အဆိုပြုချက်ကို အစ္စရေးက ပယ်ချပြီး ဂါဇာမြို့ကို သိမ်းပိုက်ရန်အတွက် စစ်ဆင်ရေးများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အစ္စရေးအစိုးရက ပြောကြားခဲ့သည်။

ဟားမတ်စ်က အလုံးစုံပါဝင်သောသဘောတူညီချက်ကို အကောင်အထည်ဖော်ရန် ဆန္ဒရှိကြောင်းနှင့် ဂါဇာကမ်းမြောင်ဒေသအရေးကို တာဝန်ယူဆောင်ရွက်ရန် နည်းပညာရှင်များဖြင့် ဖွဲ့စည်းထားသည့် လွတ်လပ်သော အမျိုးသားအုပ်ချုပ်ရေးအဖွဲ့အစည်းတစ်ခုကို ထူထောင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါသဘောတူညီချက်တွင် အကျဉ်းသားလဲလှယ်ရေး၊ အမြဲတမ်းအပစ်အခတ်ရပ်စဲရေး၊ ဂါဇာကမ်းမြောင်မှ အစ္စရေးတပ်ဖွဲ့များ ဆုတ်ခွာရေး၊ လူသားချင်းစာနာထောက်ထားမှုအကူအညီနှင့် မရှိမဖြစ်လိုအပ်သော ထောက်ပံ့ရေးပစ္စည်းများ ပေးပို့ခွင့်ပြုရန်နှင့် ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုများစတင်ရန် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်ရေးတို့ ပါဝင်မည်ဖြစ်သည်။

သို့သော် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက အဆိုပါထုတ်ပြန်ချက်သည် လှည့်ဖြားခြင်းသာဖြစ်ကြောင်း ဟားမတ်စ်၏ကမ်းလှမ်းချက်ကို တုံ့ပြန်ပြောကြားခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသအပေါ် အစ္စရေး၏လုံခြုံရေး အပြည့်အဝထိန်းချုပ်မှု၊ ဟားမတ်စ်နှင့် ဂါဇာကမ်းမြောင်ဒေသကို စစ်ဆင်ရေး၊ ပါလက်စတိုင်းမဟုတ်သော အုပ်ချုပ်ရေးထူထောင်ရေးနှင့် ဓားစာခံအားလုံးကို လွှတ်ပေးမှသာ စစ်ပွဲကို အဆုံးသတ်ရန် သဘောတူမည်ဖြစ်ကြောင်း နေတန်ယာဟုက ပြောကြားခဲ့သည်။

အစ္စရေးကာကွယ်ရေးဝန်ကြီး အစ္စရေးကာ့ဇ်ကလည်း ဟားမတ်စ်၏ကမ်းလှမ်းမှုကို ပယ်ချခဲ့ပြီး ဂါဇာစီးတီးကို သိမ်းပိုက်ရန်အတွက် ပြင်ဆင်မှုများ ဆက်လက်လုပ်ဆောင်နေကြောင်း ပြောကြားခဲ့သည်။

ဟားမတ်စ်အဖွဲ့က ပြီးခဲ့သည့်လတွင် ကာတာနိုင်ငံမှကြားဝင်စေ့စပ်ပေးသည့် အဆိုပြုချက်ကို လက်ခံခဲ့သော်လည်း အစ္စရေးအစိုးရက တုံ့ပြန်ခြင်းမရှိပေ။

ပြီးခဲ့သည့်သီတင်းပတ်အတွင်း နေတန်ယာဟုက အစ္စရေးအနေဖြင့် သဘောတူညီချက်တစ်ရပ်ကို ထည့်သွင်းစဉ်းစားမည်ဟု ပြောကြားခဲ့သော်လည်း မကြာမီကာလအတွင်း ယင်းသဘောတူညီချက်ကို အပြီးသတ်နိုင်မည်မဟုတ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အစ္စရေး၏ နှစ်နှစ်နီးပါး ထိုးစစ်ဆင်မှုကြောင့် အဆောက်အအုံအများအပြား ပျက်စီးခဲ့ပြီး ပြည်သူများလည်း အငတ်ဘေးနှင့် ကြုံတွေ့နေရသည်။ လက်ရှိအချိန်အထိ ပါလက်စတိုင်းသေဆုံးသူ ၆၃၇၄၆ ဦးရှိကြောင်း ဂါဇာရှိ ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

## ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ အီဘိုလာဗိုင်းရပ်စ်ကူးစက်မှုဖြစ်ပွား

**ကင်ရှာဆာ စက်တင်ဘာ ၅**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ အီဘိုလာဗိုင်းရပ်စ်ကူးစက်မှုဖြစ်ပွားလျက်ရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက ယမန်နေ့တွင် ကြေညာခဲ့သည်။

ဗိုင်းရပ်စ်ကူးစက်ခံရသည်ဟု သံသယရှိသူ ၂၈ ဦးရှိပြီး သေဆုံးသူ ၁၅ ဦးရှိကြောင်း ၎င်းတို့က ပြောကြားသည်။

နိုင်ငံအလယ်ပိုင်းရှိ ကာဆိုင်းပြည်နယ်၌ ရောဂါကူးစက်ပျံ့နှံ့လျက်ရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက သတင်းထောက်များကို ပြောကြားခဲ့သည်။

အီဘိုလာရောဂါခံစားနေရသည့် အမျိုးသမီးတစ်ဦးသည် ဆေးရုံသို့ရောက်ရှိပြီးနောက် မကြာမီအချိန်တွင် သေဆုံးခဲ့သည်။

ဆေးရုံသို့ရောက်ရှိလာသည့် လူနာအများစုသည် အီဘိုလာရောဂါကူးစက်ခံရသည့် လက္ခဏာများပြသလျက်ရှိကြောင်း ကျန်းမာရေးဝန်ထမ်းများက ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ဗိုင်းရပ်စ်ပျံ့နှံ့မှုကို ဟန့်တားနိုင်ရန် တုံ့ပြန်ရေးအဖွဲ့တစ်ဖွဲ့ကို ကာဆိုင်းပြည်နယ်သို့ စေလွှတ်ထားသည်။

ထို့ပြင် ဆေးဘက်ဆိုင်ရာ အထောက်အပံ့များနှင့် စမ်းသပ်ကိရိယာများကိုလည်း ပေးပို့လျက်ရှိသည်။




ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ၂၀၂၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း အီဘိုလာရောဂါဖြစ်ပွားမှုများရှိခဲ့ပြီး လူပေါင်း ၂၀၀၀ ကျော် သေဆုံးခဲ့သည်။

အီဘိုလာရောဂါ ဖြစ်ပွားမှုသည် နိုင်ငံတကာ၏ စိုးရိမ်စရာအခြေအနေဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်တွင် ငွေကျပ် ၃ ဒသမ ၃၆ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ကီလို ၄၂၀ သိမ်းဆည်းရမိ


တရားခံ စိုင်းဦးသီလ(ခ)စိုင်းရွက်အား သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် စက်တင်ဘာ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်တွင် ငွေကျပ် ၃ ဒသမ ၃၆ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၄၂၀ ကို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၃၀ ရက် ည ၁၀ နာရီတွင် သတင်းအရ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် ဟောင်ကန်ကျေးရွာအုပ်စု နားယုန့်ကျေးရွာအနီးတွင် မက်မန်းမြို့မှ မိုင်းပျဉ်းမြို့သို့ စိုင်းဦးသီလ(ခ)စိုင်းရွက် မောင်းနှင်လာသည့် TOYOTA KLUGER ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ အိုက်စ် (မက်သ်အဖက်တမင်း)ကီလို ၄၂၀ (၎င်းဒေသတန်ဖိုး ငွေကျပ် ၃ ဒသမ ၃၆ ဘီလီယံ)ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်အရ သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များကို မက်မန်းမြို့နယ် တာကော်လေးကျေးရွာအနီးမှ မိုင်းပျဉ်းမြို့နယ် နားယုန့်ကျေးရွာအနီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၅

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၂ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့ အင်ဂျန်ဒို(မြောက်)ရပ်ကွက်ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၃၁ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ်အတွင်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၇၈၅၂၁၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀၀)ကို လည်းကောင်း၊ ဘားအံမြို့ သာယာကုန်းကျေးရွာအနီး၌ ယာဉ် ၁၉ စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၁၉ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၈၈ မျိုး၊ စားသောက်ကုန်ပစ္စည်း ၄၅ မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂၆၅၈၇၇၁၈၇)နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Isuzu Giga Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Hinthar Truck တစ်စီး၊ Nissan Diesel Truck နှစ်စီး၊ Howo Tractor Head နှစ်စီး၊ Nissan Diesel Tractor Head နှစ်စီး၊ Hino Tractor Head တစ်စီး၊ Hyundai Tractor Head တစ်စီး၊ Shacman Tractor Head တစ်စီး၊ Dong Feng Tractor Head တစ်စီး၊ Hino Profia Truck တစ်စီး၊ Scania Tractor Head တစ်စီး၊ Man Tractor Head တစ်စီး၊ DAF Tractor Head တစ်စီး၊ Mitsubishi Tractor Head တစ်စီး၊ Nissan UD Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် ၁၃ တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့ ခရဲကမ်းနားကျေးရွာအနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ရှစ်မျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၉၈၉၃၁၉၄)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး၊ Man Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၅၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၃၆၂၄၈၁ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

ယင်းအပြင် စက်တင်ဘာ ၂ ရက်တွင် မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့နယ်အတွင်း၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၂၂ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၉၁၁၆၃၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့ အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၅၈၉ တန်၊ အခြားသစ် သုည ဒသမ ၉၁၈ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၃၄၂၁၃ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၂ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပခုက္ကူမြို့နယ်၊ အောင်လံမြို့နယ်၊ မင်းဘူးမြို့နယ်နှင့် သရက်မြို့နယ်တို့၌ လိုင်စင်မဲ့ဆိုင်ကယ် လေးစီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၄၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ သရက်ခရိုင် ကံမမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၆၀၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၀၀)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၇၄၀၀၀ ကို သိမ်းဆည်းရမိ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စက်တင်ဘာ ၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သာပေါင်းမြို့နယ် အတွင်း၌ တရားမဝင် သစ်မာ ၁ ဒသမ ၇၉၂ တန်(ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၁၆၀၀၀)ကို သစ်တောဥပဒေအရ လည်းကောင်း၊ ပုသိမ်မြို့နယ်နှင့် လပွတ္တာမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ် နှစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၅၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၆၀၀၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၃၀ ရက်တွင် နေပြည်တော် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေး လမ်းဟောင်း ကူသပိတ်ကျေးရွာ၌ လိုင်စင်မဲ့ ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ ဥတ္တရသီရိမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၁၈၀ တန်၊ အခြားသစ် ၂ ဒသမ ၈၉၈ တန်(ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၂၈၃၅၄)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၂၈၃၅၄ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၃ ရက်တွင် အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှင်ခရိုင် မြို့ကြီးအနီး၌ ယာဉ်လေးစီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၅၀၊ လူသုံးကုန်ပစ္စည်း ၁၆ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၉၉၉၈၅၁၃၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ Hino Ranger Truck တစ်စီး၊ Pyay Truck တစ်စီး၊ Man Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၆၀၀၀၀၀၀)ကို လည်းကောင်း၊ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၉၂၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Dyna တစ်စီး၊ Sang Da Truck တစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၀၀၀၀၀၀)ကို လည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် လေဆိပ်(ကုန်လှောင်ရုံ)၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း ၁၃၇ မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၂၇၇၄၈၉၄)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၉၇၆၈၅၀၂၄ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၃၀ ရက်၊ ၃၁ ရက်၊ စက်တင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁၁ မှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၁၅၄၂၆၃၇၂)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စား လုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေး ဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Shwe Yer Maung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၁)ရပ်ကွက်နေ သန်းဆွေအား နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် ရွှေပြည်သာမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



နေပြည်တော် စက်တင်ဘာ ၅

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့နှင့် ဗထူးတပ်မြို့တို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံများ၊ ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ စစ်သည်၊ မိသားစုဝင်၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားကာ အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်တွင် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၅ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှသိန်း ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင် ၃၅ ဦးဖြင့် ငါးထပ်ကြီးဘုရားဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ရဲဇော်ဟိန်း(ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၄ ရက်က ရန်ကင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးလွင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက (၁၄) ရပ်ကွက်ရှိ မိုးကောင်းဆုတောင်းပြည့်စေတီတော်ရင်ပြင်နှင့် ပတ်ဝန်းကျင်တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ ငွေးနိုင်



စမ်းချောင်းမြို့နယ် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးဆောင်ပြီး လက်ထောက်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်ရုံးဝန်ထမ်းများက စက်တင်ဘာ ၄ ရက်တွင် အများပြည်သူသွားလာနေသည့် အဓိကလမ်းမကြီးများ၊ လမ်းသွယ်များတွင် လမ်းပိတ်ဆို့မှု မဖြစ်ပေါ်စေရေးအတွက် ဈေးရောင်းပြီး ကျန်ရစ်ခဲ့သောပစ္စည်းများ၊ လမ်းအတားအဆီးများ၊ ကားပါကင်နေရာဦးယူထားသည့် တာယာကွင်းများကို ဖယ်ရှား၍ စည်းကမ်းထိန်းသိမ်းဆောင်ရွက်စဉ်။

သျှင်ဝင်းသျှင်

## မကွေးမြို့၌ အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့အထိမ်းအမှတ် အသိပညာပေး Talk Show ကျင်းပ




မကွေး စက်တင်ဘာ ၅

မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူးရုံး အစည်းဝေးခန်းမ၌ အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ် လှုပ်ရှားမှုအနေဖြင့် “လေထုအရည်အသွေးကောင်းမွန်ဖို့ အရှိန်မြှင့်တင် ဆောင်ရွက်စို့” ခေါင်းစဉ်ဖြင့် အသိပညာပေး Talk Show အား ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အသိပညာပေး Talk Show တွင် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ ဖြစ်ပေါ်လာပုံနှင့် ပတ်သက်၍ တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်နိုးဝေနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်တို့က အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့( International Day of Clean Air for Blue Skies) ဖြစ်ပေါ်လာပုံ သမိုင်းကြောင်း၊ ယခုနှစ်ဆောင်ပုဒ်၏ အဓိပ္ပာယ်နှင့် အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပရခြင်း ရည်ရွယ်ချက်၊ လေထုညစ်ညမ်းမှုဖြစ်ပေါ်ရသည့်အကြောင်းအရင်းများနှင့် လေထုညစ်ညမ်းမှု အမျိုးအစားများ၊ လေထုညစ်ညမ်းမှုကြောင့် လူသားနှင့်ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ၊ သန့်ရှင်းသော လေထုသည် လူသားနှင့်သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးပြုမှုများ၊ လေထုအရည်အသွေး တိုးတက်ကောင်းမွန်စေရေးတစ်ဦးချင်းနှင့် အဖွဲ့အစည်းတို့ဖြင့် အတူတကွ လုပ်ဆောင်နိုင်မည့် နည်းလမ်းများကို ပြည်သူလူထုသိရှိစေရန် ရည်ရွယ်၍ အသိပညာပေး ဆွေးနွေး ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်ဆက်)

## ထားဝယ်မြို့၌ အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ



ထားဝယ် စက်တင်ဘာ ၅

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ စက်တင်ဘာ ၇ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းအုန်းက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်ညိုလင်းထက်က လေထုနှင့်လေထုညစ်ညမ်းမှု၊ လေထုညစ်ညမ်းစေသည့် အရင်းအမြစ်၊ လေထုညစ်ညမ်းမှု အမျိုးအစားများ Particulate Matter – PM၊ တိုင်းဒေသကြီးအတွင်းရှိ ဝန်းကျင်လေထုအရည်အသွေးတိုင်းတာဆောင်ရွက်မှုများ၊ လေထုညစ်ညမ်းမှုလျှော့ချနိုင်မည့်အချက်များ၊ အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ ဖြစ်ပေါ်လာပုံ၊ ကျင်းပရခြင်းရည်ရွယ်ချက် စသည်တို့ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုချီးမြှင့်ပြီး “လေထုအရည်အသွေးကောင်းမွန်ဖို့ အရှိန်မြှင့်တင်ဆောင်ရွက်စို့” ခေါင်းစဉ်ဖြင့် အသိပညာပေးလက်ကမ်းစာစောင်များကို ကျောင်းသား ကျောင်းသူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

## ဆီဆိုင်မြို့၌ မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြော



ဆီဆိုင် စက်တင်ဘာ ၅

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများအသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီခွဲက အဆိုပါကျောင်းရှိ ယုဇနခန်းမ၌ ဆောင်ရွက်သည်။

ဟောပြောပွဲတွင် ဆီဆိုင်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဝင်းက မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများ၊ ပြစ်မှုပြစ်ဒဏ်အကြောင်းများ၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်စိုးက လူကုန်ကူးမှုအန္တရာယ်နှင့် တားဆီးကာကွယ်ရေးနှင့် မြို့မစခန်းမှူး ဒုတိယရဲမှူးဇော်လင်းဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများကို အသိပညာပေး ဟောပြောကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကိုပြန်လည်မေးမြန်းဆွေးနွေးကြပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့တို့က ပြန်လည်ဆွေးနွေးဖြေကြားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**



## ရွှေပြည်သာမြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

ရန်ကုန် စက်တင်ဘာ ၅

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု လူငယ်စကားဝိုင်းဆွေးနွေးပွဲနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်း၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးဇော်နိုင်ဦးက မူခင်းအသိပညာပေးဟောပြောကာ မြို့နယ်အားကစားမှူး ဦးဇော်ဇော်လင်းက အားကစားနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကိုကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်အေးအေးမိုးနှင့် အလယ်တန်းပြဆရာမ ဒေါ်အေးအေးမြိုင်တို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူ ခြောက်ဦးက လူငယ်နှင့်အားကစား၊ လူငယ်နှင့် မူးယစ်ဆေးဝါး၊ လူငယ်နှင့် ကိုယ်ကျင့်တရား၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်ဆိုရှယ်မီဒီယာ စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများ သိလိုသည့်မေးခွန်းများကို ပြန်လည်ဖြေကြားဆွေးနွေးသည်။

ပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော အသိပညာပေးနံရံကပ်စာစောင်များ၊ သုတ၊ ရသစာအုပ်စာစောင်များကို တက်ရောက်လာသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## ပခုက္ကူတက္ကသိုလ်၌ ပရိုဂျက်ပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ပခုက္ကူ စက်တင်ဘာ ၅

ပညာရေး ဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပခုက္ကူတက္ကသိုလ်၌ Quality Education through Project-based Learning (ပရိုဂျက်အခြေပြု သင်ယူလေ့လာမှုမှ အရည်အသွေးရှိပညာရေးသို့) ပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက အဆိုပါတက္ကသိုလ်ရှိ ပင်မဆောင် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပခုက္ကူမြို့နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် ဇော်မင်းထက်က အမှာစကား ပြောကြားပြီး ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာ တင်ထွန်းအောင်က ပြပွဲ၊ ပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ခင်ခင်ထွတ်က ဘာသာရပ်ဌာနများ၏ ပရိုဂျက် ပြပွဲ၊ ပြိုင်ပွဲ စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပခုက္ကူတက္ကသိုလ် ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်ဌာနများ၏ ပရိုဂျက်ပြပွဲ၊ ပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယ၊ အထူးဆုများ ရရှိသူများနှင့် အပတ်စဉ်သုတေသနစာတမ်းဖတ်ပွဲမှ အကောင်းဆုံး သုတေသန စာတမ်းရှင်များအား ဗိုလ်မှူးချုပ် ဇော်မင်းထက်၊ ခေတ္တပါမောက္ခချုပ် ဒေါက်တာ တင်ထွန်းအောင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ပြင်ဦးလွင်မြို့၌ အသိပညာပေးဟောပြောပွဲကျင်းပ

ပြင်ဦးလွင် စက်တင်ဘာ ၅

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ အသိပညာပေးဟောပြာပွဲကို ယမန်နေ့က အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ ပြင်ဦးလွင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရွှေမိုးသူဇာက အမှာစကားပြောကြားပြီး အမှတ် (၁၆) မူးယစ်တပ်ဖွဲ့စု (ပြင်ဦးလွင်)မှ ရဲမှူးမျိုးမင်းက မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော၍ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေး အသိပညာပေးဗီဒီယိုကို ပရိုဂျက်တာဖြင့် ပြသသည်။



ဆက်လက်ပြီး တာဝန်ရှိသူများက ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးအသိပညာပေး ဗီဒီယိုပြသမှုကို ကျောင်းသား ကျောင်းသူများအား အသေးစိတ်ရှင်းလင်းပြောကြားခဲ့ရာ ကျောင်းသား ကျောင်းသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကျုံပျော်မြို့၌ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်



ကျုံပျော် စက်တင်ဘာ ၅

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ အထက(၁) အောင်ဆန်းခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**အမှာစကားပြောကြား**

ဦးစွာ ကျောင်းသား ကျောင်းသူများက ပညာရည်ချွန် ဆုနှင်းသဘင်သီချင်းဖြင့် ဖျော်ဖြေကြပြီး ကျုံပျော်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဝိဇ္ဇာဘာသာတွဲဖြင့် မြန်မာတစ်နိုင်ငံလုံး တတိယဆုရ မအေးချမ်းသူ၊ စတုတ္ထဆုရ မအိမြတ်နိုးနှင့် ၂၀၂၄ ခုနှစ် လူရည်ချွန်ရရှိကြသူများ၊ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦးအပါအဝင် ဂုဏ်ထူးရှင် ၇၂ ဦးတို့အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




## ၂၀၂၅ ခုနှစ်၊ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ရည်ရွယ်ချက် (၄) ရပ်

- ❖ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်။

❖ ကျောဖုံးမှ

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်) မှစ၍ ပြင်ဆင်သတ်မှတ်ကြောင်း ကြေညာခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ပထမဆုံးသော အဏ္ဏဝါ အမျိုးသားဥယျာဉ်ဖြစ်သည့် လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်ကို ၁၉၉၆ ခုနှစ်တွင် သတ်မှတ်ဖွဲ့စည်းခဲ့ပြီး ၎င်းဒေသ၏ ထူးခြား၍ အရေးပါသော ဂေဟာစနစ်များ၊ မျိုးစိတ်များ၊ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများ တည်ရှိမှုနှင့် ၎င်းတို့ အကြား သဟဇာတဖြစ်စွာ တည်ရှိနေမှုတို့ကြောင့် ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ် ဥယျာဉ်အဖြစ်သတ်မှတ်ခဲ့ပါသည်။ အဏ္ဏဝါအမျိုးသားဥယျာဉ်၏ ၇၅ ရာခိုင်နှုန်းခန့်သည် အဏ္ဏဝါနေရင်းဒေသနေရာများဖြစ်ပြီး ကျန်ဧရိယာများသည် အမြဲစိမ်းတော ၂၂ ရာခိုင်နှုန်း၊ ဒီရေတော နှစ်ရာခိုင်နှုန်းနှင့် ပင်လယ်သဲခုံတော တစ်ရာခိုင်နှုန်းတို့ ဖြစ်ပါသည်။

အဏ္ဏဝါ အမျိုးသားဥယျာဉ်အတွင်း နို့တိုက်သတ္တဝါ ၁၉ မျိုး၊ ငှက်မျိုးစိတ် ၂၂၈ မျိုး၊ တွားသွားသတ္တဝါ ၁၉ မျိုး၊ ကုန်းနေရေနေသတ္တဝါ ၁၁ မျိုး၊ ငါးမျိုးစိတ် ၄၂ မျိုး၊ ကဏန်းမျိုးစိတ် ၄၂ မျိုး၊ အပင်မျိုးစိတ် ၁၉၅ မျိုး၊ ပင်လယ်မြက်မျိုးစိတ် ၁၁ မျိုး၊ ပင်လယ်ရေမှော် ၇၃ မျိုး၊ အပင်မျှော Phytoplankton မျိုးစိတ် ၁၃၆ မျိုး၊ အကောင်မျှော Zooplankton မျိုးစိတ် ၁၅၀ ၊ ဒီရေတောပင်မျိုးစိတ် ၆၃ မျိုးနှင့် သန္တာကျောက်တန်းများ တွေ့ရှိရပါသည်။

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ဧရိယာအတွင်း မျိုးသုဉ်းပျောက်ကွယ်လုနီးပါးမျိုးစိတ်များဖြစ်သည့် ရေဝက် (Dugong)၊ ပြင်သာလိပ်၊ မလေးသင်းခွေချပ်နှင့် မျိုးသုဉ်းရန်အန္တရာယ်ကျရောက်နိုင်သော မျိုးစိတ်များဖြစ်သည့် ဖျံအမွေးနု၊ မျောက်ပုတီး၊ မျောက်လေပွေ၊ ချေလှောင်၊ လင်းဆွဲများလည်း ကျက်စားလျက်ရှိပြီး သန့်ရှင်းလှပသော ကမ်းခြေများနှင့် ပင်လယ်ရှုခင်းများ၊ ဒီရေတော မြစ်ဝနှင့် ပင်လယ်လိပ်များ ဥဥချသည့် လိပ်သောင်များနှင့် မူလဒေသခံများဖြစ်သည့် မော်ကင်း (ခေါ်)ဆလုံလူမျိုးများ၏ ရိုးရာဓလေ့ထုံးတမ်းများသည် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်၏ အလွန်ထူးခြားထင်ရှားသော တန်ဖိုးများဖြစ်ပြီး သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် အရေးပါသည့် အခွင့်အလမ်းများဖြစ်ပါသည်။



လန်ပိ အဏ္ဏဝါအမျိုးသားဥယျာဉ်အား ဧရိယာပြင်ဆင်သတ်မှတ်ခြင်းဖြင့် ကမ်းရိုးတန်းဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများ၊ ဒီရေတောဂေဟာစနစ်များအား ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ခြင်း၊ ကမ္ဘာ့ဈေးကွက်ဝင် အရည်အသွေးမြင့် မြန်မာ့ပုလဲများ ထွက်ရှိရာဒေသတစ်ခုဖြစ်ခြင်း၊ ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသတွင် ကျက်စားနေထိုင်သည့် မျိုးသုဉ်းပျောက်ကွယ်လုနီးပါး မျိုးစိတ်များအား ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ခြင်းနှင့် သုတေသနလုပ်ငန်းများအတွက် တန်ဖိုးမဖြတ်နိုင်သည့် အခွင့်အလမ်းများ ထောက်ပံ့ပေးနိုင်မည်ဖြစ်ခြင်း၊ ကျွန်းအနေအထားများကို အခြေပြု၍ နိုင်ငံတကာခရီးသွားများကို ဆွဲဆောင်နိုင်ခြင်းဖြင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်ခြင်း၊ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မည်ဖြစ်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန**

❂ လေးလမှ

နိုင်ငံတကာပြိုင်ပွဲများကြောင့် လေးလနီးပါး ရပ်နားခဲ့ခြင်းဖြစ်သည်။ ယခုပြန်လည်ကျင်းပသည့် ပွဲစဉ် (၅) တွင် အား/ကာသိပွဲအသင်းက YREO အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ရန်ကုန်ယူနိုက်တက်အသင်းက ရန်ကုန်စီးတီးအသင်းကို ငါးဂိုး-နှစ်ဂိုး၊ ရှမ်းယူနိုက်တက်အသင်းက Young Lionesses အသင်းကို ခုနစ်ဂိုးပြတ်၊ သစ္စာအားမာန်အသင်းက မြဝတီအသင်းကို ငါးဂိုးပြတ် အနိုင်ရခဲ့သည်။ ယခုရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်ကိုးသင်းဖြင့် ကျင်းပလျက်ရှိပြီး ပွဲစဉ် (၄) အပြီး ထိပ်ဆုံးတွင် ရပ်တည်နေသည့် ဧရာဝတီအသင်းပွဲစဉ်မပါဝင်ဘဲ ကျန်ရှစ်သင်း ယှဉ်ပြိုင်ခဲ့သည်။

လက်ရှိချန်ပီယံ အား/ကာသိပွဲအသင်းသည် ၆၁ မိနစ်တွင် စန္ဒာလင်းသွင်းယူသည့် တစ်လုံးတည်းသောဂိုးဖြင့် YREO အသင်းကို အနိုင်ယူခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းမှာလည်း Young Lionesses အသင်းကို ခုနစ်ဂိုးပြတ်သွင်းယူကာ အဆင့်တက်ခဲ့သည်။ ဇယားထိပ်ပိုင်းမှ ရန်ကုန်ယူနိုက်တက်အသင်းမှာလည်း ဇယားအောက်ဆုံးမှ အသင်းသစ် ရန်ကုန်စီးတီးအသင်းကို ဂိုးပြတ်အနိုင်ကစားခဲ့သည်။ သစ္စာအားမာန်အသင်းမှာမူ ဂိုးပြတ်နိုင်ပွဲဖြင့် ထိပ်ဆုံးရောက်လာပြီး ချန်ပီယံဆု သုံးကြိမ်ရဖူးသည့် မြဝတီအသင်းမှာမူ ယခုရာသီတွင် ရှုန်းကန်နေရကာ လေးပွဲကစား လေးပွဲရှုံးနိမ့်ထားသည်။ သစ္စာအားမာန်အသင်းအတွက် အနိုင်ဂိုးများကို ၁၂ မိနစ်တွင် ဝေဖူးအိမ်၊ ၃၁ မိနစ်တွင် ဝင်းဝင်း၊ မိနစ် ၄၀ တွင် မြတ်နိုးခင်၊ ၇၈ မိနစ်တွင် ခင်မိုမိုထွန်း၊ ၈၅ မိနစ်တွင် သဉ္ဇာလင်းလင်းတို့က သွင်းယူသည်။

ပွဲစဉ် (၅) အပြီးတွင် သစ္စာအားမာန်အသင်းက ငါးပွဲကစား ၁၃ မှတ်ဖြင့် ထိပ်ဆုံးသို့ရောက်ရှိလာပြီး ရန်ကုန်ယူနိုက်တက်အသင်းက ငါးပွဲကစား ၁၂ မှတ်၊ ဧရာဝတီအသင်းက လေးပွဲကစား ၁၀ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ငါးပွဲကစား ခုနစ်မှတ်၊ အား/ကာသိပွဲအသင်းက လေးပွဲကစား ခုနစ်မှတ်၊ Young Lionesses အသင်းက ငါးပွဲကစား ခြောက်မှတ်၊ YREO အသင်းက သုံးမှတ်ရထားကာ မြဝတီအသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့က လေးပွဲစီကစား အမှတ်မရသေးပေ။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MWL**

# နမ့်စန်မြို့နယ်တွင် လုပ်ငန်းသုံးပစ္စည်းပေးအပ်ပွဲအခမ်းအနား ကျင်းပ

**နမ့်စန် စက်တင်ဘာ ၅**

ရှမ်းပြည်နယ် တောင်ပိုင်း နမ့်စန်မြို့နယ်တွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သည့် သင်တန်းများမှ ပေါ်ထွက်လာသည့် လုပ်ငန်းထူထောင်လိုသူများအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးနေမျိုးထွန်းက အဖွင့်အမှာစကားပြောကြားပြီး လွိုင်လင်ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရာဇာက လုပ်ငန်းသုံးပစ္စည်းများပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမျိုးထွန်းက နမ့်စန်မြို့ နမ့်မော်ခေါက်ဆင့်ကျေးရွာ ဝင်ငွေတိုးစီမံကိန်းသင်တန်းမှ သင်တန်းသူငါးဦးအား ဆပ်ပြာမွှေစက် အပါအဝင် လုပ်ငန်းသုံးပစ္စည်းခုနစ်မျိုးကို ပေးအပ်သည်။

ဆက်လက်၍ နမ့်စန်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းနိုင်နှင့် နမ့်စန်ခရိုင် လဝကဦးစီးမှူး ဦးအောင်ဇော်ထွန်းတို့က နမ့်စန်မြို့နယ် တွံတီးကျေးရွာနှင့် မိုးနဲမြို့နယ် နားခံကျေးရွာ ဝင်ငွေတိုးစီမံကိန်းသင်တန်းတို့မှ သင်တန်းသူငါးဦးစီကို Oven နှင့် Mixer လုပ်ငန်းသုံးပစ္စည်းနှစ်မျိုးတို့အားပေးအပ်ခဲ့ပြီး တက်ရောက်လာကြသူများက သင်တန်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

**သူရအောင်(နမ့်စန်)**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာအနောက်ပိုင်းမြို့နယ်၊ ၁၃-ရပ်ကွက်၊ သခင်မြလမ်း၊ မြေတိုင်းအမှတ်-သကမ(၉)၊ မြေကွက်အမှတ်-(၃၈၁/ခ)၊ အကျယ်အဝန်း မြေဧရိယာ (၂၀x၆၀)ပေရှိ မြေငှားဂရန်မူရင်း ဦးတင်အောင်(YDN-108458)မည်ပေါက် အိမ်ခြံမြေကို ၎င်းကိုယ်တိုင်လက်ရှိ တရားဝင်ပိုင်ဆိုင်ထားသည့် အိမ်ခြံမြေအား အရှုပ်အရှင်းမရှိကြောင်း အာမခံကာ ရောင်းချသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးအောင် [၁၂/တတန(နိုင်)၁၇၃၁၃၅]ဆိုသူမှ တရားဝင်ဝယ်ယူ ပိုင်ဆိုင်နိုင်ရန်အိမ်ခြံမြေ တန်ဖိုး၏တချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေကွက်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာမှတ်စာတမ်း အထောက်အထား(မူရင်း)အပြည့်အစုံနှင့်အတူ ဤကြေညာပါသည့်နေ့ ရက်မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ထားသည့်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးမျိုးအောင်၏လွှဲအပ်ချက်အရ-**
**ဦးဝင်းမင်းဖိုလ် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၅၉)**
**အမှတ်-(၁၅၈/ခ)၊ ပေ-၂၀လမ်း၊ အတွင်းပဒံကျေးရွာ၊**
**လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၂၅၈၁၁၁၇၁၃၊ ၀၉-၆၈၉၆၈၈၈၈၀**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်အပိုင် ရန်ကုန်မြို့သစ်စီမံကိန်း ဧရိယာထဲတွင် ရန်ကုန် (အနောက်ပိုင်း)ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ယာယီမြေပေးမိန့် အမှတ် (၄၀၆/၂၀၁၉) မှ(၄၁၅/၂၀၁၉)ထိဖြစ်ပြီး ပြန်လည်နေရာ ချထားသည့်အုပ်စု(RA-5) အကွက်အမှတ် (က-၀၆)တွင် မြေကွက်အမှတ်-၀၄၀၃-၀၄၀၄-၀၄၀၅-၀၄၀၆-၀၄၀၇-၀၄၀၈-၀၄၀၉-၀၄၁၀-၀၄၁၁-၀၄၁၂အထိ မြေကွက်(၁)ကွက်၏ အကျယ်အဝန်း မြေဧရိယာ (၄၀x၆၀)ပေရှိမြေကွက်(၁၀) ကွက်၏မူရင်းအမည်ပေါက်မှာ ဒေါ်မြင့်မြင့်ခင် [TTE/၁၂/တတန(နိုင်) ၀၃၃၇၃၃] (ဘ)ဦးအေး(ကွယ်လွန်)ဖြစ်ပြီး အမွေဆက်ခံခွင့်ရှိသူများဖြစ်ကြသော အတူနေ တူဖြစ်သူ **ကိုဝေယံပိုင်စိုး [၁၂/တတန(နိုင်)၁၇၁၈၁၉] နှင့် တူမဖြစ်သူ မဇွန်ပွင့်ဖြူ [၁၂/ကမတ(နိုင်)၀၉၈၃၂၅]**တို့မှ အထက်ဖော်ပြပါ မြေကွက်များအား မိမိတို့ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း အရှုပ်အရှင်းမရှိကြောင်း အာမခံကာ ရောင်းချသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ တရားဝင်ဝယ်ယူ ပိုင်ဆိုင်နိုင်ရန် အထက်ဖော်ပြပါမြေကွက်များ၏ တန်ဖိုး၏တချို့ကို စရန်ငွေအဖြစ် ပေးချေထား ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေကွက်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာမှတ်စာတမ်း အထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ ဤကြေညာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးဝင်းမင်းဖိုလ် (LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၅၉)**
**အမှတ်-(၁၅၈/ခ)၊ ပေ-၂၀လမ်း၊ အတွင်းပဒံကျေးရွာ၊**
**လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၂၅၈၁၁၁၇၁၃၊ ၀၉-၆၈၉၆၈၈၈၈၀**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်

**ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၃) ရပ်ကွက်၊ ဝေသန္တာရာလမ်း၊ အမှတ် (၁၁၃၁) နေ ဒေါ်အိကလျာထွန်း (၁၂/သဃက (နိုင်) ၁၆၃၂၃၆) သည် အောက်ဖော်ပြပါအမှတ်တံဆိပ်အား ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနမှ လျှောက်လွှာနံပါတ် (T/2025/003680) ဖြင့် လျှောက်ထားချက်အားလက်ခံထားပြီးသည့်အမှတ်တံဆိပ်၏မူပိုင်ရှင်ဖြစ် ပါသည် –**

SHWE LASHIO
Shan Traditional Food

**SHWE LASHIO အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ရှမ်းအစားအသောက်မျိုးစုံကို ထုတ်လုပ်၊ ဖြန့်ချီရောင်းချလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ မူပိုင်အဖြစ်အသုံးပြုလျက်ရှိသော မိမိတစ်ဦးတည်းပိုင်အမှတ် တံဆိပ်အမည် အမှတ်အသားကို သွယ်ဝိုက်၍ဖြစ်စေ၊ တစ်စိတ်တစ်ဒေသ ဖြစ်စေ၊ ပုံယောင်ပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူရိုးမှားတစ်ခုခုဖြင့် တုပ ပြုလုပ်သုံးစွဲနေသည်ကို တွေ့မြင်သိရှိရပါက ထိခိုက်နစ်နာဆုံးရှုံးမှုများအတွက် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စန်းစန်းဝင်း**
**LL.B,DIPL,101 (WIPO) (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၁၂) အမှတ် (၆၇)၊ သီဟလမ်း၊ (၃၈) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၄၂၀၁၅၂၃၀၉၊ ၀၉-၇၈၀၉၇၂၄၄၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (၅၆)၊ မြေကွက်အမှတ် (၃၄၅/က)၊ ဆုပြည့်ရတနာ( ၁ )လမ်း၊ (၅၆)ရပ်ကွက်၊ အကျယ်အဝန်း (၂၀ x ၆၀)ပေရှိသော ပါမစ်မြေကွက်သည်ရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ပါမစ်အမည် ပေါက် ဦးကျော် (RGN – ၀၂၁၇၁၄) ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် တရားဝင်မခွဲစိတ်ရသေးသောအကျယ်အဝန်း (၁၀x၆၀)ပေ ပါမစ်မူရင်းခြမ်းကို ဝယ်ယူခြင်းဖြင့် လက်ဝယ်ပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်သန်းသန်းမော် [၁၂/ ဒဂတ(နိုင်)၀၄၇၄၄၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သောဦးရဲဝင်းနိုင် [၇/အဖန (နိုင်)၀၆၂၂၃၆] က အပြီးအပိုင်ဝယ်ယူရန်အတွက်(၄-၉-၂၀၂၅)ရက်နေ့တွင် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်နှင့် မြေရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများကို ကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့် မြေကွက်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် [LLB, WIPO ( Switzerland )]**
**တရားလွှတ်တော်ရှေ့နေ( စဉ် – ၁၂၇၇၄ )**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံး ပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်း နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည် –

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ဒီဇယ်ဆီ/ ပရီမီယံဒီဇယ်ဆီ | ၄၀၀၀၀၀/ ၇၀၀၀၀ ဂါလန် |
| ( ခ ) | ဘိလပ်မြေ/HDPE ပိုက်နှင့် ပိုက်ဆက်ပစ္စည်း | ၅၀၀၀၀ အိတ်/ 1 Lot |
| ( ဂ ) | အမှိုက်သိမ်းယာဉ်ကြီး/ ယာဉ်ငယ်စက်အရံပစ္စည်းများ | 2 Lot |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၈-၉-၂၀၂၅ ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး ၂၃-၉-၂၀၂၅ ရက်နေ့ (၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင် ဝယ်ယူနိုင်ပြီး အသေးစိတ် အချက်အလက်များကို ဖုန်းအမှတ်- ၀၁ ၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## "တိုက်ခန်းဝယ်ယူမည်"ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ ဥက္ကာ(၅) လမ်း၊ အမှတ်(၁၄၉-၁/၂)၊ (၆) ထပ်တိုက်၏ စတုတ္ထထပ်(၅-လွှာ)၊ (၁၇ ပေ x ၅၄ ပေ) တိုက်ခန်းနှင့် ပတ်သက်၍ အကျိုးခံစားခွင့်အားလုံး တရားဝင်ရောင်းချ ပိုင်ခွင့်ရှိသူ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၂၂၈)၊ ဥက္ကာ(၈)လမ်း၊ (ဂ)ရပ်ကွက်တွင် နေထိုင်သော ဒေါ်နိုင်ဦးလှိုင်ဝေ [၁၂/ဥကမ (နိုင်)၂၁၃၇၆၀] ကိုင်ဆောင်သူက ၎င်းပိုင်ဆိုင်သည့် တိုက်ခန်းအားဆက်စပ် စာချုပ်များအားပြသ၍ ရောင်းချသည်တွင် ကျွန်ုပ်၏မိတ်ဆွေ ဦးကိုမြင့် [၁၀/ ပမန(နိုင်)၀၅၁၄၁၆]နှင့် (ဇနီး)ဒေါ်မြင့်မြင့်စန်း [၇/သဝတ(နိုင်)၀၀၆၀၈၁] ကိုင်ဆောင်သူတို့မှ ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၁၄) ရက်အတွင်း အထောက်အထားစာရွက်စာတမ်းခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်း အရောင်းအဝယ် ငွေချေစာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ချုပ် ဆိုသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြကေခိုင်**
**(LLB,CBL,DBL, TTI, CFS,LCCI,Strategic Organization Management)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၈၃၄)**
**ဖုန်း-၀၉-၂၆၁၄၅၀၈၉၈၊ ၀၉-၄၀၅၂၀၂၉၈**
**အမှတ်(၁၄၅)၊ ရတနာသိဒ္ဓိလမ်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

**ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဏ/၄၀)၊ လူနေရပ်ကွက်အမှတ်(၁၄)၊ အောင်ချမ်းသာလမ်း၊ မြေကွက်အမှတ်(၂၈-ခ)၊ ဒေါ်မူနီယာမား အမည်ပေါက် မြေချပါမစ်** ထွက်ရှိထားသော အကျယ်ပေ-(၂၀x၆၀)၊ (၀.၀၂၇)ဧက၊ (၁၂၀၀)စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက်၏ လက်ရောက်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ရှင် ကွယ်လွန်ပြီးနောက် အမွေဆက်ခံပိုင်ဆိုင်၍ ၎င်းတို့မှသာ လက်ဝယ်ထားရှိပိုင်ဆိုင် သည်ဟု ဝန်ခံကတိပြုလွှဲပြောင်းရောင်းချသူ **ဒေါ်လောကူး(PAG-129096)ပါ (၈) ဦးတို့ထံမှ** ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးသန့်ဇင်အောင် [၉/တသန(နိုင်)၁၆၁၀၇၀]** မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်ခြံမြေ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသည့်မည်သူမဆို ဤကြော်ငြာပါ သည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်နှင်းဝေ(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၇၄)**
**အမှတ်(၉၃/ခ)၊ နဝရတ်လမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၆၃၆၄၄၅၁၇**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ၂၀)
## ကျောက်တံတားခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၄၇

ရိုးမဘဏ်လီမိတက်(ရုံးချုပ်) (ဘဏ်၏ကိုယ်စားတာဝန်ပေးအပ်ခြင်း ခံရသူ လက်ထောက်မန်နေဂျာ ဦးကျော်ကျော်ခိုင်) နှင့်
၁။ SeeZar Food Group Holding (SFG) Company Limited
၂။ Chindwin See Zar Company Limited
၃။ ဦးကျော်ထင်လတ်
၄။ ဦးတင်လတ်

**တရားလို** — **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာရံ(၅)လမ်း၊ အမှတ်-ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗဟိုစည်အိမ်ရာ၊ အမှတ်-၅၃/၅၄၊ ဒုတိယထပ် နေ ၁-တရားပြိုင် SeeZar Food Group Holding(SFG)Company Limited ၂-တရားပြိုင် Chindwin See Zar Company Limited (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ **တရားလိုက ငွေပေါင်းကျပ်(၁၂၈၁၇၀၈၄၈၃.၈၉)(ငွေတစ်သောင်းနှစ်ထောင်ရှစ်ရာ့ တစ်ဆယ့်ခုနှစ်သိန်း ရှစ်ထောင်လေးရာရှစ်ဆယ့်သုံးကျပ်နှင့် ရှစ်ဆယ့်ကိုးပြားတိတိ)အပေါ် အပေါင်ဒီကရီရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍** အရေးကြီးသည့်စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်၊ (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆုတ် ၁၀ ရက်)နေ့ မွန်းမတည့်မီ (၁၀:၃၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင့်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ ကိုယ်စား လှယ် ရှေ့နေလက်သို့ ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးသူဇာဦး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ကျောက်တံတားခရိုင်တရားကြီး**

## မိခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ဘီးလင်းမြို့နယ်၊ (အ.ထ.က) ငါးဘတ် ချောင် Grade -7မှ မောင်မြင့်မြတ်မိုး နှင့် Grade -6 မှ မသဲစုမိုးတို့၏ မိခင် အမည်မှန်မှာ ဒေါ်ခိုင်ခိုင်ထွန်း [၁၀/ ဘလန(နိုင်)၂၁၀၂၉၇] ဖြစ်ပါကြောင်း။

**ဒေါ်ခိုင်ခိုင်ထွန်း**
**[၁၀/ဘလန(နိုင်)၂၁၀၂၉၇]**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံ မြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက် အမှတ်(၇၄၅)၊ ဦးပိုင်အမှတ်(၁၄-က)၊ ၃၁x၃၂ ကြား၊ ၇၁x၇၂ လမ်းကြားရှိ ဘိုးဘမြေကွက်အား အမည်ပေါက်သူ မိဘများဖြစ်ကြသော ဖခင် ဦးအုန်း၊ မိခင် ဒေါ်တင်ရီတို့ ကွယ်လွန်၍ ကျန်ရစ်သူ သားသမီးများဖြစ်ကြ သော ဒေါ်ခင်ဆွေဦး [၉/မရမ (နိုင်) ၀၄၈၉၈၀]၊ ဒေါ်ခင်ခင်ထူး [၉/မရမ (နိုင်) ၀၀၆၄၅၄]၊ ဒေါ်တင့်တင့်ဝေ [၉/ မရမ (နိုင်) ၀၄၈၃၆]၊ ဒေါ်ခင်ဆွေဝင်း [၉/မရမ (နိုင်) ၀၄၈၉၈၂]၊ ဦးချစ်ကိုကို [၉/မရမ (နိုင်) ၀၄၈၉၈၅]တို့က အမည် ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေး မှူးရုံး ထောက်ခံချက်များ တင်ပြ၍ အမွေဆက်နှင့်စွန့်လွှတ်စာချုပ် ချုပ်ဆို ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံ မြို့နယ်၊ ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်၊ အကွက် အမှတ်(၃၀၆)၊ ဦးပိုင်အမှတ် (၃-ည+၄-ဍ)၊ ၈၉လမ်း၊ ၃၃x၃၄ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်ခင်မျိုး ကြည် [၉/မရမ(နိုင်)၀၁၆၉၉၀] က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံ သော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံ မြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ်(၇၅၀)၊ ဦးပိုင်အမှတ် (၁၃)၊ ၃၃လမ်း၊ ၇၀x၇၁ လမ်းကြားရှိ ဦးမျိုးမြင့်မြတ်သိန်း၊ ဒေါ်စောအိအိ ထွေး အမည်ပေါက် ဘိုးဘမြေကွက် အား ခင်ပွန်း ဦးမျိုးမြင့်မြတ်သိန်း ကွယ်လွန်၍ ကျန်ရစ်သော ပူးတွဲ အမည်ပေါက်သူ ဇနီး ဒေါ်စောအိအိ ထွေး [၁၃/ကတန (နိုင်) ၀၈၅၂၃၄] က ဘိုးဘစာအုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက် များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၂)၊ ကေတုမတီလမ်း၊ မြေကွက်အမှတ်(၇၄၅/က)၊ အကျယ်အဝန်း (အလျား၂၀ပx အနံ၆၀ပေ)ရှိ ဦးလှအေး အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အိမ်အပါအဝင် အကျိုးခံစားခွင့် အားလုံးတို့အား အရောင်းအဝယ်စာချုပ် အဆက်ဆက်ဖြင့် လက်ဝယ်ထား ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း တရားဝင်ရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချသူဦးကျော်လှ [၁၂/ဒဂတ(နိုင်)၁၄၁၇၇၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန္ဒာဝင်း [၅/တဆန(နိုင်) ၁၃၅၈၀၁] က အပြီးအပိုင် တရားဝင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအိမ်၊ မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ အနေဖြင့် ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါ သည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါ သည်။ သတ်မှတ်ရက်တွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေ နှင့်အညီ အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန္ဒာဝင်း [၅/တဆန(နိုင်)၁၃၅၈၀၁]၏ လွှဲအပ်ညွှန်ကြားချက်အရ**

| ဒေါ်နေခြည်ဝင်းထွဋ် ( LL.B ) | ဒေါ်မိုးပြည့်လှိုင်( LL.B ) | ဦးဦးဌေး( LL.B ) |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၆၂၁၉) | (စဉ်-၁၉၅၁၀) | (စဉ်-၂၄၅၄၉) |

**အမှတ်(၅၀၂/က)၊ ၅-လွှာ၊ ဖေယျာ(၁၇)လမ်း၊ (၁၀)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၆၃၄၆၂၃၀၆၊ ၀၉-၇၇၃၇၃၆၉၂၆**

## "အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၃(တိုးချဲ့)၊ မြေကွက်အမှတ်-၉၂၇၏ (ခြေရင်းခြမ်း)၊ မြေအမျိုးအစား -ပါမစ်မြေ၊ အကျယ်အဝန်း ပေ(၂၀/၆၀) နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်-၃၃(တိုးချဲ့)၊ မြေကွက်အမှတ်-၉၂၈၏ (ခေါင်းရင်းခြမ်း)၊ မြေအမျိုးအစား -ပါမစ်မြေ၊ အကျယ်အဝန်း ပေ(၂၀/၆၀)ရှိ အိမ်နှင့် ခြံမြေ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စာချုပ်အဆက်ဆက်ဖြင့် လက်ရှိထားလွှဲပြောင်း နေထိုင်သူ ဦးထွန်းထွန်း [၁၂/ဥကတ(နိုင်) ၁၃၃၁၇၆]ထံမှ ဒေါ်ဟေမာငြိမ်းအေး [၁၁/စတန(နိုင်)၀၆၅၀၄၄]က အပြီးအပိုင်လွှဲပြောင်း၍ လက်ရှိထားနေထိုင်နေပြီဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးသီဟ(LL.B) | ဒေါ်လမင်းထက်(LL.B,D.M.L) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၁၅၁၆၄) | (စဉ်-၁၈၆၅၁) |

**အမှတ်(၁၁၀)၊ ပထမထပ်၊ ၃၉ လမ်း (မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- 09666888375,09408634830**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၁၉)၊ ကျောင်းလမ်းနှင့် ပြည်ထောင်စု(၂)လမ်း ထောင့်၊ မြေကွက်အမှတ် (၂၀၄)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ဒေါ်ကြွယ်ကြွယ် အမည်ပေါက် မြေချပါမစ်မြေကွက်အပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် တရားဝင် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ယခုရောင်းချသူ ဒေါ်မဇွန် တင်မြင့် [၁၂/ဒဂတ(နိုင်)၀၉၅၀၂၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လေီဇဘက်ဗျက်မွေး [၁၂/ဒဂမ(နိုင်)၀၃၄၆၄၀] အပြီးအပိုင် ဝယ်ယူ ရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ခိုင်မာသောပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းစာချုပ် စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယုနန္ဒာအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၃၅၁၀)**
**အမှက် (၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၅၈၂၅၁၂၉**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ အင်းစိန်မြို့နယ်၊ တညင်းကုန်း ရပ်ကွက်၊ ပြည်တော်သာ (၂)လမ်း၊ အမှတ်-၁၂/၃ ဟုခေါ်တွင်သော အလျား ၁၇ x အနံ ၈၅ ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်နေအိမ်အဆောက်အဦနှင့် မြေပေါ်မြေ အောက် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးကို တရားဝင်လက်ရှိ လက်ရောက်ပိုင်ဆိုင်သူဖြစ်သော **ဒေါ်မြင့်မြင့်ကြည်** [၁၂/သခန(နိုင်) ၀၀၇၂၁၆]က ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဦးရဲမင်းလတ် [၁၂/အစန(နိုင်)၂၂၀၉၃၇]နှင့် **ဒေါ်ခင်ဝါဆိုဦး** [၁၂/အစန(နိုင်)၁၉၈၄၈၀] တို့က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက် လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ် **ဒေါ်ထက်ထက်ခိုင် (တရား လွှတ်တော်ရှေ့နေ)**ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား များနှင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထက်ထက်ခိုင်**
**LL.B.,D.IP.L.,Advocate**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၁၁၇) (၂၇-၁-၂၀၂၁)**
**အမှတ်-၅၉/ဘီ၊ အခန်း-၇၀၁၊ သာယာကုန်းလမ်း၊ သာယာကုန်းကွန်ဒို၊**
**နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph-095161186, 09250060731**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
## လျှောက်လွှာခေါ်ယူခြင်း
## နေပြည်တော်

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများတွင် အရည်အချင်းသတ်မှတ်ချက်ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | နေရာ | အနိမ့်ဆုံးပညာအရည်အချင်း သတ်မှတ်ချက် |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၂) နေရာ | တက္ကသိုလ်/ကောလိပ်မှ ဘွဲ့တစ်ခုခုရရှိရမည်။ |
| (ခ) | စာရင်းကိုင်-၄ (ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၃) နေရာ | တက္ကသိုလ်/ကောလိပ်မှ ဘွဲ့တစ်ခုခုရရှိရမည်။ |

၂။ ဌာနကူးပြောင်းလျှောက်ထားခြင်း လက်ခံမည်မဟုတ်ပါ။

၃။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊
(ဂ) (၃၁-၈-၂၀၂၅) ရက်နေ့တွင် အသက်(၃၀)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်၊
(ဃ) လျှောက်ထားသူများသည် ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်၊
(င) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းခံရပါက ဌာနတွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်းနှင့် အကြောင်းပြချက်ခိုင်လုံမှုမရှိ၊ ခွင့်ပြုချက်မရှိဘဲ နုတ်ထွက်ခဲ့လျှင် ကျပ် ၅၀၀,၀၀၀/- (ကျပ်ငါးသိန်း တိတိ) ပေးလျော်မည်ဖြစ်ကြောင်း ကတိဝန်ခံချက်စာချုပ် ချုပ်ဆိုရမည်၊
(စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှထုတ်ပယ် ခြင်း (Removal)၊ ရာထူးခန့်ထားခြင်းအမိန့်စာမှ ပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၄။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များ ပါရှိရမည်-
(က) ကိုယ်တိုင်ရေးလျှောက်လွှာ၊
(ခ) ပြည့်စုံစွာဖြည့်စွက်ထားသော ကိုယ်ရေးမှတ်တမ်း၊ ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံနှင့် ဖုန်းနံပါတ်၊
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
(ဃ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ၊
(င) ဘွဲ့လက်မှတ်မိတ္တူ(သို့မဟုတ်) ယာယီဘွဲ့ထောက်ခံစာမိတ္တူ၊
(စ) ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊
(ဆ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်းနှင့် သက်ဆိုင်ရာနယ်မြေရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊
(ဇ) ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးလက်မှတ်ထောက်ခံချက်မူရင်း၊
(ဈ) (၂)လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ (ကျောဘက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ရေးသားရန်)၊
(ည) ယခင်ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါက ဌာန၏နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမူရင်း၊
(ဋ) ရေးဖြေလာရောက်ဖြေဆိုသည့်အခါ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မူရင်း၊ ဘွဲ့လက်မှတ် (သို့မဟုတ်)ယာယီဘွဲ့ထောက်ခံစာမူရင်း၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမူရင်းတို့ကို တစ်ပါတည်းတင်ပြရမည်။

၅။ လျှောက်လွှာများကို (၂၄-၁၀-၂၀၂၅) ရက်နေ့ နောက်ဆုံးထား၍ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ လျှောက်ထားရမည်။

၆။ လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များ ပါဝင်သည့် ရေးဖြေစာမေးပွဲကို ဖြေဆိုရမည်ဖြစ်ပြီး ကွန်ပျူတာကျွမ်းကျင်မှုကိုပါ စစ်ဆေးမည်ဖြစ်ပါသည်။

၇။ ရေးဖြေအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်ရက်နှင့် ဖြေဆိုခွင့်ရရှိသူများစာရင်းကို ဆက်သွယ်အကြောင်းကြားပေးမည်ဖြစ်ပါသည်။

၉။ သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီမှုမရှိသော၊ မပြည့်စုံသော၊ သတ်မှတ်ရက်ထက်ကျော်လွန်ပြီးမှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၀။ လျှောက်လွှာတွင်ဖော်ပြချက်များနှင့် အထောက်အထား စာရွက်စာတမ်းများသည် မှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်းခံရမည်။

၁၁။ အသေးစိတ်သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ရုံးချုပ်(စီမံဌာန)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်၊ ၀၆၇၃-၄၁၂၁၂၃၊ ၀၆၇၃-၄၁၂၀၂၈ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/မြို့မမြောက်ရပ်၊ မြေရေိယာ(၀.၁၄၆ဧကေ)ရှိ မြေကွက်အမှတ်(ပ-၁၅၆၀)ကိုအမည်ပေါက် ဒေါ်အိအိခင်ဇ (ဘ)ဦးခင်မောင်၏၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/ဗဟန(နိုင်)၀၀၅၄၃၉]မှ ဒေါ်သန္တာညိုထွေးလှိုင် (ဘ) ဦးအေးကျော် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၄/မမက(နိုင်)၀၃၀၅၀၁] နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန သို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါ်ခိုင်ခိုင်ဦး၊ မှတ်ပုံတင်အမှတ်[၈/မဘန(နိုင်)၀၁၈၅၁၇]သည် အင်းစိန်မြို့နယ်၊ ကမ်းနားအလယ် ရပ်ကွက်၊ ဖန်ချက်ဝန်လမ်းနှင့် ဆန်စက်လမ်းရှိ မုဒိတာ(၂)တန်ဖိုးနည်းအိမ်ရာစီမံကိန်းမှ တိုက်ခန်းအမှတ်(2B-282)ကို တော်ဝင်မိသားစုကုမ္ပဏီထံမှ(၂၃-၈-၂၀၁၁)တွင် ဝယ်ယူထားရှိခဲ့ပါသည်။

ယခုအချိန်တွင် ပိုင်ဆိုင်မှုစာရွက်စာတမ်းများဖြစ်သည့် စည်းကမ်းနှင့်တာဝန်ဝတ္တရားစာအုပ် ပျောက်ဆုံးသွားပါသည်။ ထိုစာအုပ်အား တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီထံတွင် မိတ္တူမှန်ပြန်လည် ထုတ်ယူမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုလျှင် (၁၄)ရက်အတွင်း အထောက်အထားစုံလင်စွာဖြင့် တော်ဝင်မိသားစုကုမ္ပဏီ(သို့) အောက်ပါလိပ်စာထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ခိုင်ဦး**
**[၈/မဘန(နိုင်)၀၁၈၅၁၇]**
**ဖုန်း-၀၉-၇၃၀၁၆၆၅၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၄)၊ (၁၂၄)ရပ်ကွက်၊ အောင်သီရိလမ်း၊ အမှတ်(၃၃၅)၊ မြေကွက်အကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ ဧရိယာ(၀.၀၅၅ဧကေ)ရှိ ဒေါ်ကြည်ကြည်ညွန့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သူ ဒေါ်ဇင်မာဦး[၅/စကန(နိုင်)၁၇၃၉၁၆]က လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းနုလှိုင်[၁၂/ဒဂရ(နိုင်)၀၁၃၈၈၈]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားစာချုပ်မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုအပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်နှင်းနုလှိုင်** | **ဒေါ်အေးနွယ်နွယ်ဦး (LL.B)** |
| **[၁၂/ဒဂရ(နိုင်)၀၁၃၈၈၈]** | **အထက်တန်းရှေ့နေ(စဉ်-၄၅၈၉၉)** |
| | **အမှတ်(၁၇၉)၊ မတူပီလမ်း၊ (၇)ရပ်ကွက်၊** |
| | **ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့၊** |
| | **ဖုန်း-၀၉-၇၅၇၈၅၉၁၂၂၊ ၀၉-၆၈၅၄၃၂၂၆၉** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရာဇဓိရာဇ်(၄)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/ရွှေပေါက်ကံ၊ မြေကွက်အမှတ်(၁၀၈၆)၊ မြေအမျိုးအစား(နှစ်၆၀)ဂရန်မြေ၊ အမည်ပေါက်-ဒေါ်သန်းညွန့်၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်မြေဂရန်အမည် ပေါက်ပိုင်ဆိုင်ကြောင်း၊ ယနေ့အချိန်ထိလက်ရှိထားပိုင်ဆိုင်ကြောင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်းပြဿနာကင်းရှင်းပါကြောင်း၊ စီမံခန့် ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံကတိပြုလျက် အထက်ပါမြေကွက်အား အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာသူ ဒေါ်သန်းညွန့်[၁၂/သကတ(နိုင်)၀၂၄၁၄၅]နှင့် ဒေါ်လွင်လွင်မာ[၁၂/သကတ(နိုင်) ၀၂၃၆၅၅]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်စာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်တင်တင်ယု**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၁၈/၂၀၁၇)**
**အမှတ်-၁၀၄၊ ပထပ်၊ ၃၉လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၃၉၀၂၈**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၂)ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(၆၆၁)ဟုခေါ်တွင်သော ဒေါ်တင်တင်ဝင်း အမည်ပေါက် ပါမစ်မြေအမျိုးအစား၊ အလျား(၄၀)ပေxအနံ(၆၀)ပေရှိမြေကွက် အနက်မှ ခေါင်းရင်းဘက်ခြမ်းဖြစ်သော အလျား(၂၀)ပေx အနံ(၆၀)ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၁)ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ပိုင်ဆိုင်လျက်ရှိသော ဒေါ်မြညိမ်း[၁၀/ပမန(နိုင်) ၁၀၁၁၀၁]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဂျိသ်မဟာဒူးရ်[၇/ဖမန(နိုင်)၁၀၀၀၄၄]က အပြီးအပိုင်လက်ရောက် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** | |
| **ဦးဂျိသ်မဟာဒူးရ်** | **ဦးအာကာဝင့်ဇော်** | **ဒေါ်အိရွှေစင်** |
| **[၇/ဖမန(နိုင်)၁၀၀၀၄၄]** | **(LL.B)** | **(LL.B,D.B.L)** |
| | **(စဉ်-၁၆၁၆၉)** | **(စဉ်-၁၆၁၇၀)** |

**တရားလွှတ်တော်ရှေ့နေများ**
**က/၇၂၊ ခေမာသီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၂၅၄၄၅၉၉၆၊ ၀၉-၂၅၀၄၉၇၅၉၃**

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးကြောင်း ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ (၆)ရပ်ကွက်၊ (၃)လမ်း၊ အမှတ်(၂၄)နေ ဦးရဲထွဋ်[၁၄/ဖပန(နိုင်)၁၁၃၂၈၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ (၆)ရပ်ကွက်၊ (၃)လမ်း၊ အမှတ်(၁၈)နေ ဒေါ်ထိုက်ထိုက်ထွန်း [၁၄/ဖပန(နိုင်)၀၉၄၇၁၈]တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်သဖြင့် (၁၇-၇-၂၀၂၀)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် လက်ထောက်ညွှန်ကြားရေးမှူး၊ အသိသက်သေ ဒေါ်မိုးမြင့်မော်နှင့် ဒေါ်ခင်သန်းဝင်းတို့ ရှေ့မှောက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ် ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်အရ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် နောက်နောင်တွင် ဒေါ်ထိုက်ထိုက်ထွန်း၏ ကိစ္စအဝဝနှင့်ပတ်သက်၍ ဤကြော်ငြာပါသည့်နေ့မှစ၍ စီးပွားရေး၊ လူမှုရေး အရှုပ်အရှင်းများ ကျွန်ုပ်၏မိတ်ဆွေ ဦးရဲထွဋ်နှင့်လုံးဝ မသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲထွဋ်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးပိုင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၅၈)**
**တိုက်(၂)၊ အခန်း(၆)၊ ကျန်စစ်သားလမ်း၊ အောင်မြေသာယာ ShopHouse**
**(၆)ရပ်ကွက်၊ လှိုင်သာယာ။ ဖုန်း-၀၉-၅၄၁၄၅၃၄၊ ၀၉-၄၂၁၀၄၃၁၀၉**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်အမက ထမုန်ကန်တွင် မူလတန်းကျောင်းအုပ် တာဝန်ထမ်းဆောင်နေသော ဒေါ်မြတ်ခိုင်[၉/မထလ(နိုင်)၀၈၅၁၇၇] ၏ မွေးသက္ကရာဇ် အမှန်မှာ(၅-၅-၁၉၆၅)ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ဦးကိုလတ် [၈/စလန(နိုင်) ၁၀၀၉၈၁] သင်္ဘောသားမှတ်ပုံတင်နံပါတ်(၆၄၆၁၈) ကိုင်ဆောင်သော(RESULT SHEET)စာရွက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်-၀၉-၄၅၅၂၀၄၀၆၃**

## အမည်ပြောင်း

SYS2 Grade-11 အခန်း(A) တွင် ပညာသင်ကြားနေသော ဦးကျော်မင်းစိုး နှင့် ဒေါ်သင်းသင်းဆွေ တို့၏ သားမောင်ထူးခန့်တည် ကို မောင်နေမင်းခန့်ဟု ပြောင်းလဲခေါ်ဆိုပေးပါရန်။

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

"ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ညောင်ကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ ဧရာဝတီ(၂)လမ်း၊ မြေကွက်အမှတ်-၁၁၆၈(က)(ခ)၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး"တို့ကို ဦးလွန်းတင်[၁၂/ဒလန(နိုင်)၀၀၁၆၄၃]နှင့် ဦးသိန်းရွှေမြင့်(DLA-၀၀၁၅၇၇)မှ မြေချပါမစ်အမည်ပေါက်ပြီးဦးကျော်ကျော်(ခ)ရှောက်ကွေ့ရှင်း[၁/မကန(နိုင်)၀၄၃၃၀၈]မှ ဆက်စပ်စာချုပ်များဖြင့် လက်ရှိထားပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိသဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစုံလင်စွာဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် (၇)ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၀၇၅)**
**အမှတ်(၁၂၄၉)၊ နတ်စင်ကန်ပေါင်လမ်း၊ မြို့မ(၃)ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph-09-254405798, 09-785610847**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ ထန်းတပင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၊ ၂၅၆ ဆင်လူးကွင်း၊ မြေကွက်အမှတ်-က-၂၂၃၊ က-၂၂၄၊ အကျယ်အဝန်း(၁၂၀'x၆၀')အကျယ်ရှိ မြို့မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ ထန်းတပင်မြို့နယ်၊ (၁)ရပ်ကွက်၊ (၂၅၆)ဆင်လူးကွင်း၊ ဝါးတရားလမ်းနှင့်အလိမ်လည်လမ်းသွယ်(၁)လမ်းထောင့်၊ အမှတ်-က-၂၂၃၊ က-၂၂၄၊ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင်လက်ရှိဖြစ်လျက် လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်နော်မူဂေါ်တင်(ခ)ဒေါ်မူဂေါ်တင် [၁၂/ထတပ(နိုင်)၀၀၃၀၁၇]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

